# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက် | ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၀၇၀)


# နိုင်ငံအများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖြတ်ကျော်သည့် အဂတိလိုက်စားမှု၊ ယင်းနှင့်ဆက်နွှယ်သော အမှုအခင်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ**

**(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)**

ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ ( ၁၆ ) နှစ်ပြည့် အခါသမယသို့ ကြွရောက်လာကြသည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာ့အသိုက်အဝန်းအတွင်း ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများနည်းတူ မိမိတို့မြန်မာနိုင်ငံကလည်း ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ ယခုနှစ်တွင် ယခင်နှစ်များကထက် ပိုမိုကျယ်ပြန့်စွာဖြင့် မြန်မာနိုင်ငံတစ်ဝန်း နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတို့တွင် ကျင်းပနိုင်ခြင်းဖြစ်သည့်အတွက် ပိုမို၍ ကျေနပ်အားရမိပါသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❑

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့်အဖွဲ့ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့သို့ ထွက်ခွာ

ဘန်ကောက် ဒီဇင်ဘာ ၈

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)၌ တရားစွဲဆိုလျှောက်ထားမှုကို တုံ့ပြန်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသည်။

ဂမ်ဘီယာနိုင်ငံက ကြားဖြတ်စီမံဆောင်ရွက်ချက် (Provisional Measures) ချမှတ်ပေးရန် လျှောက်ထားချက်နှင့်ပတ်သက်၍ နှစ်ဖက်စလုံးက နှုတ်ဖြင့်လျှောက်လဲတင်သွင်းခြင်းများကို အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဒီဇင်ဘာ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် အဆိုပါတရားရုံးတွင် မြန်မာနိုင်ငံ၏အကျိုးစီးပွားကို ဦးဆောင်ကာကွယ် ပြောကြားသွားမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး Mr. Wouter Jurgens နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

သတင်းစဉ်




မြန်မာ့အလင်း



# ပြည်တွင်းပြည်ပလုပ်သားဈေးကွက်အတွက် ကျွမ်းကျင်မှုပြည့်ဝသည့် လုပ်သားကောင်း

မြန်မာနိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းမှာ ပြည်ပနိုင်ငံအသီးသီးသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ရောက်ရှိနေကြသည်ဟု မှတ်သားရဖူးသည်။ အာဆီယံအလုပ်သမားဈေးကွက်တွင် သုံးပုံတစ်ပုံခန့်မှာ မြန်မာရွှေ့ပြောင်းအလုပ်သမားများဖြစ်ပြီး အများဆုံးလည်းဖြစ်သည်။ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၀၀ လျှင် ၇၀ ဦးက ထိုင်းသို့လည်းကောင်း၊ ၁၅ ဦးက မလေးရှားသို့လည်းကောင်း သွားရောက်ကြခြင်းဖြစ်ပြီး ကျန် ၁၅ ဦးမှာ စင်ကာပူ၊ ဂျပန်၊ ကိုရီးယားနှင့် အခြားနိုင်ငံများသို့ သွားရောက်ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ ပြည်ပသို့အများဆုံး ထွက်ခွာနေကြသော်လည်း အများစုမှာ ကျွမ်းကျင်အလုပ်သမားများ မဟုတ်။ ၈၀ ရာခိုင်နှုန်းသော မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ အခြေခံပညာအလယ်တန်းအဆင့်မျှသာ ရှိကြသည်ဟု တာဝန်ရှိသူများက ပြောထားသည်။ ပြည်တွင်း ပြည်ပ လုပ်သားဈေးကွက်တွင် ကျွမ်းကျင်လုပ်သားရှားပါးမှုမှာ အဓိက စိန်ခေါ်မှုတစ်ခုဖြစ်နေသည်။ ပြည်တွင်း၌ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမှုနှင့်အတူ လုပ်ငန်းကဏ္ဍ နယ်ပယ်အသီးသီးတို့တွင် ကျွမ်းကျင်လုပ်သားလိုအပ်ချက်မှာလည်း မြင့်မားလာသည်။ အချို့လုပ်ငန်းများတွင် ပြည်တွင်းမှ ကျွမ်းကျင်လုပ်သား ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသောကြောင့် ပြည်ပမှ ကျွမ်းကျင်လုပ်သားများကို ခေါ်ယူလုပ်ကိုင်လာကြပြီး ပြည်တွင်းမှ လုပ်သားများမှာ ကျွမ်းကျင်မှုမလိုအပ်သည့် အောက်ခြေသိမ်းအဆင့်နိမ့်အလုပ်များအတွက်သာ ခေါ်ယူကြသည်ဟု ဆိုသည်။ ပြည်ပသို့ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ထွက်ခွာကြရာတွင်လည်း အလုပ်အကိုင်ကျွမ်းကျင်မှုအတတ်ပညာ ဘာမှပါရှိမသွားဘဲ အထွေထွေအလုပ်သမားများအဖြစ်သာ သွားရောက်ကြခြင်းကြောင့် အဆင့်နိမ့်အလုပ်၊ ရရာအလုပ်များတွင် လုပ်ခလစာ နည်းပါးစွာဖြင့်သာ ဝင်ရောက်လုပ်ကိုင်ကြရသည်။

ယင်းအခြေအနေများကို ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများပေးကာ ကျွမ်းကျင်လုပ်သားများ ဖြစ်ပေါ်လာအောင် လူ့စွမ်းအားအရင်းအမြစ်များမြှင့်တင်မှုကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် အလုပ်အကိုင်အမျိုးအစားအလိုက် ကျွမ်းကျင်မှု "စံ"များကို သတ်မှတ်ပြီး စစ်ဆေးအကဲဖြတ်ကာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များကို ထုတ်ပေးခြင်းဖြင့် ပြည်တွင်းပြည်ပလုပ်သားဈေးကွက်များအတွက် အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများကို ဖြည့်ဆည်းပေးနိုင်ကြောင်းလည်း သိရသည်။ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority– NSSA)က အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ စစ်ဆေးအကဲဖြတ်ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်နိုဝင်ဘာလကုန်အထိ အလုပ်အကိုင် ၂၃ မျိုးမှ အမျိုးသားအဆင့် ကျွမ်းကျင်မှုအဆင့် (၁) ၁၃၀၆၂ ဦး၊ ကျွမ်းကျင်မှုအဆင့် (၂) ၁၀၅၉ ဦး စုစုပေါင်းလုပ်သား ၁၄၁၂၁ ဦးတို့ကို အရည်အချင်းပြည့်မီကြောင်း စစ်ဆေးအကဲဖြတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အလုပ်လုပ်နိုင်သည့်အရွယ် လူငယ်ဦးရေမြင့်မားသည့်အခြေအနေတစ်ရပ်ကို ဆုလာဘ်တစ်ခုသဖွယ်ပိုင်ဆိုင်ထားသည်။ အရေအတွက်အရ များပြားသလို အရည်အသွေးအရလည်း ပြည့်ဝမှသာလျှင် လူ့စွမ်းအားအရင်းအမြစ်ကြွယ်ဝသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ ကျောင်းသင်ပညာကို ပြည့်စုံပြီးမြောက်အောင် မသင်ယူနိုင်သူများ အသက်မွေးဝမ်းကျောင်းပညာရေးသို့ ရွှေ့ပြောင်းသင်ယူခြင်း၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ တက်ရောက်ကာ မိမိကိုယ်ကို အရည်အသွေးမြှင့်တင်ခြင်းဖြင့် ကျွမ်းကျင်လုပ်သားတစ်ဦးအဖြစ် မိမိ၏ ဘဝအခြေအနေတိုးတက်မြင့်မားစေသလို နိုင်ငံကိုလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုရာရောက်စေသည်။

ကျွမ်းကျင်သည့်လုပ်သားကောင်းတစ်ယောက်ဖြစ်ရန်မှာ လုပ်ငန်းခွင်ကျွမ်းကျင်မှုအပြင် တာဝန်ကျေပွန်မှု၊ စည်းကမ်းကောင်းမွန်မှုကလည်း လိုအပ်သည်။ ထို့အပြင် နည်းပညာများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မျက်ခြည်ပြတ်မခံဘဲ လိုက်ပါပြောင်းလဲတိုးတက်စေကာ မိမိအရည်အသွေးကို မိမိကိုယ်တိုင်မြှင့်တင်ခြင်းဖြင့် လုပ်သားဈေးကွက်တွင် အခြားနိုင်ငံသားလုပ်သားများနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်မည် ဖြစ်ပါကြောင်း။ ။




လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မကွေး)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၄၊ ၁၅၊ ၁၆) ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)
နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ မကွေးတက္ကသိုလ်ဝင်းအတွင်းကျင်းပမည်ဖြစ်၍ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း

နေပြည်တော် ဒီဇင်ဘာ ၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ရန်ကုန်နှင့် ဖူကူအိုကာ ညီအစ်မမြို့တို့အကြား ရေနှင့်ဆက်စပ်သည့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်မြို့နှင့် ဂျပန်နိုင်ငံ ဖူကူအိုကာမြို့ ညီအစ်မမြို့တို့အကြား ရေနှင့်ဆက်စပ်သည့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ (၄)၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichio Maruyama၊ ဂျပန်နိုင်ငံ ဖူကူအိုကာမြို့ မြို့တော်ဝန် Mr. Soichiro Takashima နှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က MOCရေးထိုးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။




ညီအစ်မမြို့နှစ်မြို့ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာရေးထိုးစဉ်။

အဆိုပါ နားလည်မှုစာချွန်လွှာအား ဖူကူအိုကာမြို့တော်ဝန် Mr. Soichiro Takashima နှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က လက်မှတ်ရေးထိုးကြသည်။

ရန်ကုန်မြို့နှင့် ဂျပန်နိုင်ငံ ဖူကူအိုကာမြို့တို့သည် ရေနှင့်ဆက်စပ်သည့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကို ၂၀၁၂ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ညီအစ်မမြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။

ညပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဖူကူအိုကာမြို့တို့က ပူးပေါင်းကျင်းပသည့် ညီအစ်မနှစ်မြို့၏ ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်သင်္ကေတအဖြစ် Yangon-Fukuoka Illumination Festival 2019 မီးအလှထွန်းပွဲတော်ကို ဖွင့်လှစ်ရာ ဖူကူအိုကာမြို့မှ Fire Prevention Bureau ဘင်ခရာအဖွဲ့က တီးမှုတ်ဖျော်ဖြေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဖူကူအိုကာ မြို့တော်ဝန်၊ ဂျပန်နိုင်ငံသံအမတ်ကြီးတို့က အမှတ်တရစကားပြောကြားပြီး မီးအလှထွန်းပွဲတော်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ မီးအလှထွန်းပွဲတော်တွင် ဂျပန်ရိုးရာ ဗုံတေးဂီတအဖွဲ့က ဖျော်ဖြေကြပြီး ဖူကူအိုကာ ရိုးရာအစားအသောက်များကို ရောင်းချပေးလျက်ရှိသည်။

ရန်ကုန်-ဖူကူအိုကာ LED မီးအလှထွန်းပွဲကို လွှတ်လပ်ရေးနေ့အထိ ပြသထားရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အအေးပိုနေမည်

နေပြည်တော် ဒီဇင်ဘာ ၈

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အအေးပိုနေမည်။

မိုး/ဇလ

◆ ရှေ့ဖုံးမှ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး Mr. Wouter Jurgens နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ရောက်ရှိကြရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် ဇနီး ဒေါ်စန်းစန်းမော်၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်နှင့် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် နယ်သာလန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြသည်။

သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ထိုင်းနိုင်ငံ ဘန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

သတင်းစဉ်

# မြန်မာ-ကိုရီးယား ဇီဝအရင်းအမြစ်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဒုတိယဝန်ကြီးအဆင့် ပဉ္စမအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ




မြန်မာ-ကိုရီးယား ဇီဝအရင်းအမြစ်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဒုတိယဝန်ကြီးအဆင့် ပဉ္စမအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

သတင်းစဉ်

**ပူတာအို ဒီဇင်ဘာ ၈**

မြန်မာ-ကိုရီးယား ဇီဝအရင်းအမြစ်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဒုတိယဝန်ကြီးအဆင့် ပဉ္စမအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၇ ရက် နံနက် ၁၁ နာရီက ကချင်ပြည်နယ် ပူတာအိုမြို့ Hotel Putao ၌ ကျင်းပသည်။

အစည်းအဝေးတွင်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ကိုရီးယားသမ္မတနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Park Chun kyoo တို့က အဖွင့်အမှာစကားပြောကြားကြပြီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားဇီဝအရင်းအမြစ်များသိပ္ပံဌာန ညွှန်ကြားရေးမှူးချုပ် Dr. Se Chang Ahn က မြန်မာ-ကိုရီးယား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းသုတေသနရလဒ်များအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က မဲခေါင်-ကိုရီးယား ဇီဝမျိုးစုံမျိုးကွဲစင်တာ တည်ထောင်နိုင်ရေးစီမံကိန်းနှင့် ပတ်သက်၍ အရှေ့တောင်အာရှနိုင်ငံများတွင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် ဗဟိုအချက်အချာကျသော မြန်မာနိုင်ငံတွင် ရွေးချယ်ဆောင်ရွက်သဖြင့် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ မြောက်ဘက်စွန်း ခါကာဘိုရာဇီရေခဲတောင်အပါအဝင် ကုန်းမြင့်ဒေသများသည် ဇီဝမျိုးစုံမျိုးကွဲ အလွန်ပေါကြွယ်ဝသော ဒေသဖြစ်သကဲ့သို့ မြန်မာနိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသများတွင်လည်း ဒီရေတောဂေဟစနစ် ပေါကြွယ်ဝသဖြင့် မြန်မာနိုင်ငံသည် တောင်ပေါ်တော ဂေဟစနစ်မှ ဒီရေတော ဂေဟစနစ်အထိ မျိုးစုံပါဝင်ပြီး အခြားနိုင်ငံများနှင့် သွားလာဆက်သွယ်ရာတွင်လည်း အလယ်ဗဟိုကျသောနိုင်ငံဖြစ်၍ စင်တာတည်ဆောက်ခြင်း စီမံကိန်းမှန်ကန်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက မဲခေါင်-ကိုရီးယား ဇီဝမျိုးစုံမျိုးကွဲစင်တာတည်ထောင်နိုင်ရေး စီမံကိန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ချပြဆွေးနွေးသည်။

ထို့နောက် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနိုင်ဇော်ထွန်းက မဲခေါင်-ကိုရီးယား ဇီဝမျိုးစုံမျိုးကွဲစင်တာအား မြန်မာနိုင်ငံ၌ တည်ထောင်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးသည်။

ကိုရီးယားသမ္မတနိုင်ငံ ဇီဝအရင်းအမြစ်များသိပ္ပံဌာန သုတေသနမှူး Dr. Jae-Shin Kang က ခါကာဘိုရာဇီ ဇီဝမျိုးစုံမျိုးကွဲသုတေသနစခန်းနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသည့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ကိုယ်စားလှယ်များက အသုံးဝင်ဇီဝအရင်းအမြစ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု သုတေသနလုပ်ငန်းများ မြှင့်တင်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❑ ရှေ့ဖုံးမှ

## ◆ နှစ်ကာလရှည်ကြာစွာ အမြစ်တွယ်ရှင်သန်နေသည့် အဂတိလိုက်စားမှုပြဿနာသည် အဓိကကျသည့် ခလုတ်တံသင်းဖြစ်နေသည်ဟု မိမိတို့အစိုးရက နားလည်သဘောပေါက်ထားသည့်အားလျော်စွာ နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာဖြင့် အဂတိတရား ကင်းစင်သည့် လူ့အသိုက်အဝန်း ဖြစ်ပေါ်လာရေးရည်မှန်းလျက် အစဉ်တစိုက်ကြိုးပမ်းလျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံအား ရေရှည်တည်တံ့ခိုင်မြဲပြီး တည်ငြိမ်အေးချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် ပေါ်ထွန်းလာရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်ခြင်းတို့ကို အားလုံးပူးပေါင်းပါဝင်သည့် ပြည်သူအခြေပြု နည်းလမ်းများဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးနှင့် တည်ဆောက်ရေးခရီးလမ်းအား လျှောက်လှမ်းလျက်ရှိပါသည်။ ထိုခရီးလမ်းတွင် နှစ်ကာလရှည်ကြာစွာ အမြစ်တွယ်ရှင်သန်နေသည့် အဂတိလိုက်စားမှုပြဿနာသည် အဓိကကျသည့် ခလုတ်တံသင်းဖြစ်နေသည်ဟု မိမိတို့အစိုးရက နားလည်သဘောပေါက်ထားသည့် အားလျော်စွာ နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာဖြင့် အဂတိတရားကင်းစင်သည့် လူ့အသိုက်အဝန်းဖြစ်ပေါ်လာရေးရည်မှန်းလျက် အစဉ်တစိုက်ကြိုးပမ်းလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၂၀၁၂ ခုနှစ်တွင် အတည်ပြုခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်နိုင်ရန် ၂၀၁၇ ခုနှစ်တွင် ကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်း ခန့်အပ်ခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းရေး၊ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာရေး၊ နိုင်ငံတော်ပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိရေး၊ နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေးတို့အတွက် ၂၀၁၈ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ယခုအခါ ဥပဒေမူဘောင် ပိုမိုခိုင်မာတောင့်တင်းလာသည့်အားလျော်စွာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် လွတ်လပ်စွာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ခွင့်ရရှိပြီး နိုင်ငံတော်တစ်ဝန်းလုံးတွင် တံစိုးလက်ဆောင်ယူခြင်း/ ပေးခြင်းတို့သာမက နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှု ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း တို့ကို လျော့ကျစေရန်အတွက် အားထုတ်ကြိုးပမ်း ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခြင်းဟူ၍ လုပ်ငန်းစဉ်သုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အသိပညာပေးရေး လုပ်ငန်းစဉ်အနေဖြင့် အခြေခံပညာကျောင်းများအတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးစာစောင်များဖြန့်ဝေခြင်း၊ တက္ကသိုလ်များအဆင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းဖွင့်လှစ်ခြင်း၊ အစိုးရဌာနများနှင့် စီးပွားရေးလုပ်ငန်းများတွင် တာဝန်ယူမှု တာဝန်ခံမှု မြင့်မားလာစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။ တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်အနေဖြင့် အစိုးရဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှုကင်းဝေးစေရန် ကျင့်ဝတ် (Code of Conduct–CoC) ရေးဆွဲလိုက်နာစေခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိနေပါသည်။ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေဂယ်ပေါက်များကို ပိတ်ဆို့နိုင်ရန်ဖြစ်သောကြောင့် နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိစေမည့် နည်းလမ်းကောင်းလည်းဖြစ်ပါသည်။

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းသည် ယခုအခါ ကမ္ဘာ့အလျင်မြန်ဆုံးအတည်ပြုသော နိုင်ငံတကာကွန်ဗင်းရှင်းများအနက် တစ်ခုအပါအဝင်ဖြစ်ရာ အဖွဲ့ဝင်ပေါင်း (၁၈၆) ခုတို့က အားလုံးနီးပါး အတည်ပြုလာသည့် Universal Ratification ဖြစ်လာနိုင်ခြင်းက အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းကို တစ်ကမ္ဘာလုံးက ဝိုင်းဝန်းထောက်ခံကြခြင်းဟု ဆိုနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံချင်းအလိုက် ကြိုးပမ်းမှုများအပြင် နိုင်ငံအများပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖြတ်ကျော်သည့် အဂတိလိုက်စားမှု၊ ယင်းနှင့်ဆက်နွှယ်သော အမှုအခင်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်မည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုကို စိတ်ပါလက်ပါ ဆန့်ကျင်တိုက်ဖျက်ကြခြင်းဖြင့် အဂတိလိုက်စားမှုကင်းစင်သော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်စေနိုင်ခြင်းထက်သာလွန်ပြီး တရားဥပဒေစိုးမိုးသည့် ယဉ်ကျေးမှုတစ်ရပ်ကိုပါ ဖော်ဆောင်စေနိုင်ပါသည်။ ထို့အပြင် တာဝန်ယူမှု တာဝန်ခံမှုရှိသော အင်စတီကျူးရှင်းများ တည်ဆောက်ရေးကိုပါ ဖြစ်ထွန်းစေမည်ဖြစ်သည့်အတွက် လူသားတိုင်း မိမိတို့ရရှိခံစားနိုင်သည့်အခွင့်အရေးများအား လက်လှမ်းမီစေပြီး စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းသည့် လူနေမှုဘဝများကို ပိုင်ဆိုင်စေနိုင်မည် ဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ပါ ရည်မှန်းချက်ပန်းတိုင် ၁၇ ခုအနက် ပန်းတိုင် ၁၆ တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အရေးပါမှုကို ထင်ရှားစွာသတ်မှတ်ဖော်ပြထားပါသည်။ ယင်းတွင် နိုင်ငံများအနေနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းသာယာပြီး အားလုံးပါဝင်သော လူမှုအဖွဲ့ အစည်းများမြှင့်တင်ရေး၊ တရားမျှတမှုကို လက်လှမ်းမီနိုင်မှု ဖော်ဆောင်ရေးနှင့် အဆင့်တိုင်းတွင် အကျိုးသက်ရောက်မှုရှိသော၊ တာဝန်ယူမှု တာဝန်ခံမှုရှိသော၊ အားလုံးပါဝင်သော အင်စတီကျူးရှင်းများ တည်ဆောက်ရေးတို့အားတရားမဝင် ငွေကြေးစီးဆင်းမှု လျှော့ချရေး၊ ဆုံးရှုံးသွားသော နိုင်ငံပိုင်ပစ္စည်းများ ပြန်လည်သိမ်းဆည်းမှုလုပ်ငန်းခိုင်မာရေး၊ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု လျှော့ချရေး၊ အကျိုးသက်ရောက်မှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသော၊ အားလုံးပါဝင်သည့် အင်စတီကျူးရှင်းများ တည်ဆောက်ရေး စသည်တို့မှတစ်ဆင့် လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP ၂၀၁၈–၂၀၃၀) သည် အဆိုပါကမ္ဘာလုံးဆိုင်ရာ ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များနှင့် အဓိကချိတ်ဆက်လျက် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို လုပ်ဆောင်သွားနိုင်ရန် ချိန်ညှိထားခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ MSDP မဏ္ဍိုင် (၁) ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု၏ မဟာဗျူဟာတွင် ပါဝင်သော ကောင်းမွန်သောအုပ်ချုပ်မှု၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်မှုနှင့် အဆင့်တိုင်းတွင် ဆုံးဖြတ်ချက်များ ထိရောက်စွာ ချမှတ်နိုင်မှု တိုးတက်ကောင်းမွန်ရေးတို့အတွက် အဂတိလိုက်စားမှုကို ဆန့်ကျင်တိုက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ဤမင်္ဂလာရှိသော အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း၏ (၁၆) နှစ်ပြည့် အခါသမယတွင် ကွန်ဗင်းရှင်းပါရည်ရွယ်ချက်များနှင့် အခြေခံမူများဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပါသည်။ **“အဂတိလိုက်စားမှု ဆန့်ကျင်ရေးအတွက် ကျွန်ုပ်တို့အားလုံး စုပေါင်းညီညွတ်ကြပါစို့”** ဟူသော ဆောင်ပုဒ်နှင့်အညီ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်မှ ပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ပြည်သူလူထုတစ်ရပ်လုံးက တက်ညီလက်ညီဖြင့် အဂတိလိုက်စားမှုကို ဆက်လက်ပူးပေါင်းတိုက်ဖျက်ကြရန် အလေးအနက်ဆန္ဒပြုရင်း သဝဏ်လွှာ ပေးပို့အပ်ပါသည်။ ။

# ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ရန်ကုန်တိုင်းဒေသကြီးရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားပေးစက်ရုံအသစ်စီမံကိန်းများ စစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၈

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက ကျောက်တန်းမြို့နယ်အတွင်းရှိ သီလဝါသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက စက်ရုံလုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် မောင်းနှင်ဓာတ်အားထုတ်ပေးနိုင်ရေးအတွက် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများအား ဂရုပြုဆောင်ရွက်သွားရန် ၃၅၀မဂ္ဂါဝပ် (LNG to Power) ဓာတ်အားပေးစက်ရုံအသစ် စီမံကိန်းလုပ်ငန်းများအား ဆောလျင်စွာပြီးစီး၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန်မှာကြားပြီး ဓာတ်အားပေးစက်ရုံစီမံကိန်းအသစ်များ တည်ဆောက်ပြီးစီးပါက လက်ရှိဓာတ်အားခွဲရုံသို့ ဓာတ်အားချိတ်ဆက်မည့်နေရာတွင် ဓာတ်အားခွဲရုံတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံဝင်းအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ၄၀၀ မဂ္ဂါဝပ် (LNG to Power) ဓာတ်အားပေးစက်ရုံအသစ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် JICA ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် 66 kV GIS ဓာတ်အားခွဲရုံတည်ဆောက်နေမှုနှင့် ဓာတ်အားပေးစက်သုံးလုံး အကြီးစားပြုပြင်ဆောင်ရွက်နေမှုတို့အား Merubeni Corporation နှင့် Mitsubishi Corporation တို့မှ နိုင်ငံခြားသားပညာရှင်များနှင့် ၄၀၀ မဂ္ဂါဝပ်(LNG to Power) ဓာတ်အားပေးစက်ရုံအသစ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများအား တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဓာတ်အားပေးစက်ရုံအသစ်တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးရေး၊ စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေသည့် ဓာတ်အားပေးစက်သုံးလုံးအနက် ဓာတ်အားပေးစက်တစ်လုံးအား လာမည့် နွေရာသီကာလအမီ ဓာတ်အားထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ဆက်လက်၍ အလုံမြို့နယ်အတွင်းရှိ အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ၁၅၁ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံအသစ် တည်ဆောက်နေမှု၊ လက်ရှိမောင်းနှင်လည်ပတ်နေသည့် ဓာတ်အားပေးစက် အခြေအနေများနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။(အပေါ်ပုံ)

အဆိုပါ ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားပေးစက်ရုံစီမံကိန်းအသစ်များသို့ သွားရောက်စဉ် ဒုတိယဝန်ကြီးက လာမည့်နွေရာသီကာလတွင် တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်မီဖြည့်ဆည်း ပေးနိုင်ရေးအတွက် ရည်ရွယ်၍ မကွေး၊ ရွှေတောင်၊ ကျွန်းချောင်း၊ အလုံ၊ ကျောက်ဖြူ၊ သန်လျင်နှင့် သာကေတတို့တွင် ဓာတ်အားပေးစက်ရုံစီမံကိန်းအသစ် (၇)ခုမှ ၁၁၆၆ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လက်ရှိဓာတ်အားပေးစက်ရုံများမှ စက်စွမ်းအားပြည့် မောင်းနှင်ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်အားပေးစက်များ ကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ်စစ်ဆေးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စီမံကိန်းများပြီးစီးရန် လျာထားသတ်မှတ်ချက်များနှင့်အညီ ကြိုးစားလုပ်ဆောင်သွားရန် တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နယ်သာလန်နိုင်ငံသို့ ဦးဆောင်သွားရောက်နေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဆောင်ရွက်သမျှကိစ္စအဝဝ အောင်မြင်စေရန်အတွက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ချိုချို ဦးဆောင်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော် ဆုတောင်းမေတ္တာပို့သ





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချို ဦးဆောင်သောညှိ့ပရိသတ်များ ငါးပါးသီလခံယူဆောက်တည်ကြပြီး အန္တရာယ်ကင်းပရိတ်တရားတော်များ၊ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ကာ အရပ် ၁၀ မျက်နှာ မေတ္တာဘာဝနာပွားများခြင်း၊ အမျှပေးဝေခြင်းနှင့် ဆုတောင်းမေတ္တာ ပို့သကြစဉ်။

သတင်းစဉ်

နေပြည်တော် ဒီဇင်ဘာ ၈

နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားကိုကာကွယ်ရန်အတွက် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့သို့ ဦးဆောင်သွားရောက်နေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်သမျှကိစ္စအဝဝ အောင်မြင်စေရန် လည်းကောင်း၊ အန္တရာယ်ခပ်သိမ်းဘေးခပ်သိမ်းကင်းငြိမ်းစေရန် လည်းကောင်း၊ ကိုယ်ကျန်းမာစိတ်ချမ်းသာစေရန်လည်းကောင်း ရည်သန်လျက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို ဦးဆောင်၍ ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော် သာသနာ့ဗိမာန်တော်ကြီး၌ အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲ အနန္တရာယိက မင်္ဂလာအခမ်းအနားကျင်းပ၍ ဆုတောင်းမေတ္တာပို့သကြသည်။

### ဆုတောင်းမေတ္တာပို့သ

အနန္တရာယိက မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၏ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝတ်ရွတ်အသင်းတို့ တက်ရောက်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်နှင့် ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ပြီး ဆုတောင်းမေတ္တာ ပို့သကြသည်။

### ကပ်လှူပူဇော်

အခမ်းအနား မစတင်မီ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ချိုချိုသည် ထာဝရငြိမ်းချမ်းရေးစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုပြီး စေတီတော် လိုဏ်တော်အတွင်းရှိ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချို ထာဝရငြိမ်းချမ်းရေးစေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်စဉ်။

သတင်းစဉ်

ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်သည်။

### ဖွင့်လှစ်

အခမ်းအနားကို နိုင်ငံတော်သမ္မတ၏ဇနီး ဦးဆောင်သော ညှိ့ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ယင်းနောက် အခမ်းအနားမှူးက စိန်ရောင်ခြည် ဘုရားပင့် ဂါထာကို ရွတ်ဖတ်ပူဇော်ပြီး နတ်ပြဟ္မာများကို ပင့်ဖိတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဦးဆောင်သော ညှိ့ပရိသတ်များသည် ငါးပါးသီလခံယူဆောက်တည်ကြပြီး အန္တရာယ်ကင်းပရိတ်တရားတော်များ၊ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ကာ အရပ် ၁၀ မျက်နှာ မေတ္တာဘာဝနာပွားများခြင်း၊ အမျှပေးဝေခြင်းနှင့် ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ဆောင်ရွက်ကြသည်။

### အခမ်းအနားရုပ်သိမ်း

ယင်းနောက် နတ်ပြဟ္မာများအား ပြန်လည်ပို့ဆောင်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို ထာဝရငြိမ်းချမ်းရေးစေတီတော်ရှိ ခေါင်းလောင်းတော်အား တီးခတ်စဉ်။

သတင်းစဉ်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့်အဖွဲ့ မန္တလေးမြို့ရှိ အထင်ကရနေရာများအား လေ့လာကြည့်ရှု

**မန္တလေး ဒီဇင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်အား လှည့်လည်ကြည့်ရှုလေ့လာ၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မဟာလောကမာရဇိန်(ကုသိုလ်တော်ဘုရား) အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ဆွေးနွေး**

ရှေးဦးစွာတရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်ကြီးအောင်ဧည့်ရိပ်သာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံ၍ မြန်မာ – တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့သည် နန်းမြို့အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်သို့ သွားရောက်လေ့လာကြည့်ရှုသည်။

**လှည့်လည်ဖူးမြော်**

ဆက်လက်၍ မန္တလေးတောင်ခြေရှိ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် စာရင်းသွင်း အသိအမှတ်ပြုခံရပြီး ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု လူသိများထင်ရှားသည့် မဟာလောကမာရဇိန် (ကုသိုလ်တော်ဘုရား) သို့ သွားရောက်၍ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဘုရားဝင်းအတွင်း လှည့်လည်ဖူးမြော်ကြည်ညို၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**ကြည့်ရှုခံစား**

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတောင်ပေါ်ရှိ ဘုရားများသို့ သွားရောက်ဖူးမြော်ကာ ညနေခင်းနေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံဆွေးနွေးစဉ်။
ဓာတ်ပုံ – တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်အား လှည့်လည်ကြည့်ရှုလေ့လာစဉ်။
သတင်းစဉ်

**ရှင်းလင်းတင်ပြ**

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် – မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၆၃ မိုင်အနီးတွင် CNPC ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာ – တရုတ် ရေနံပိုက်လိုင်းစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ CNPC ကုမ္ပဏီရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လက်ရှိစီမံကိန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပြန်လည်ထွက်ခွာ**

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့သည် ညပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် ကူမင်းမြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီးရှိ မြစ်ချောင်းများ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ငွေကျပ် သန်း ၈၈၀၀ ကျော်သုံးစွဲမည်

**မုံရွာ ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ၂၀၁၉–၂၀၂၀ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံး ငွေရင်းရန်ပုံငွေမှ ငွေကျပ် သန်း ၈၈၀၀ ကျော် အကုန်အကျခံ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဘုန်းကျော်စိန်၏ ပြောကြားချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိကဖြတ်သန်းစီးဆင်းလျက်ရှိသောချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ မူးမြစ်၊ မြစ်သာမြစ်နှင့် အခြားမြစ်ချောင်းများတစ်လျှောက်ရှိ ကျေးရွာများ၊ စိုက်ပျိုးမြေများ၊ ကမ်းပါးပြိုကျမှု အန္တရာယ်ဖြစ်နိုင်သော နေရာများ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအဖြစ် ချင်းတွင်းမြစ်တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၆ ခုကို ငွေကျပ် သန်း ၂၄၁၀ ဖြင့်လည်းကောင်း၊ ဧရာဝတီမြစ်တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၀ ခုကို ငွေကျပ်သန်း ၁၄၁၀ ဖြင့်လည်းကောင်း၊ မူးမြစ်အတွင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း ငါးခုကို ငွေကျပ်သန်း ၁၃၅၀ ဖြင့်လည်းကောင်း၊ မြစ်သာမြစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း တစ်ခုကိုငွေကျပ် သန်း ၅၀၀ ဖြင့်လည်းကောင်း၊ ရွှေလီမြစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း တစ်ခုကို ငွေကျပ်သန်း ၂၀၀ ဖြင့်လည်းကောင်း၊ ပုထိုးလုံးချောင်းအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း သုံးခုကိုငွေကျပ် သန်း ၅၀၀ ဖြင့်လည်းကောင်း၊ ဒေါင်းမြူးချောင်းအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းငါးခုကို ငွေကျပ် ၂၈၈ သန်းဖြင့်လည်းကောင်း၊ အခြားချောင်းများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၅ ခုကို ငွေကျပ် ၂၁၅၉ ဒသမ ၅ သန်းဖြင့်လည်းကောင်း ယခုဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



သတင်းထုတ်ပြန်ချက်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့သည်။

၂။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းပျံသန်းအမှတ် MU2587 ဖြင့် ဆိုက်ရောက်ခဲ့သည်။

၃။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။ ဂါရဝပြုတွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းမူဘောင်အောက်မှ နှစ်ဦးနှစ်ဖက် အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော်ရေး၊ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးလှုပ်ရှားမှုများနှင့် အခမ်းအနားများကျင်းပရေးနှင့် နှစ်နိုင်ငံအကြား အဆင့်မြင့်ကိုယ်စားလှယ်များ အပြန်အလှန်သွားလာ လည်ပတ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

၄။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့သည် သမ္မတအိမ်တော်၊ ဧည့်ခန်းမ၌ တွေ့ဆုံ နှုတ်ဆက်ခဲ့ပြီးနောက် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို အခြေခံ၍ ဘက်စုံမဟာ ဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အောက်မှ မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုစီမံချက်များ အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံပြည်သူများ၏ လူမှုဘဝတို့အား မြှင့်တင်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်နှင့် ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ကူညီပံ့ပိုးပေးရေး၊ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန် ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

၅။ ညနေပိုင်းတွင် ရွှေစံအိမ်ဟိုတယ်၌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ ရှေ့မှောက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တရုတ်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ၊ ဒုတိယဥက္ကဋ္ဌ Mr. Deng Boqing တို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်အတွက် အလွယ်တကူ တပ်ဆင်နိုင်သည့် အိမ်အလုံး (၁၀၀၀) လှူဒါန်းမှု စာချွန်လွှာ လက်မှတ်ရေးထိုးလဲလှယ်ခဲ့ပါသည်။ ယင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိနှင့် ကိုယ်စားလှယ်အဖွဲ့အား အဆိုပါဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

၆။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် မစ္စတာဝမ်ယိခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး CNPC ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာ-တရုတ် ရေနံပိုက်လိုင်းစီမံကိန်း၊ မြနန်းစံကျော်ရွှေနန်းတော်၊ မန္တလေးတောင်နှင့် ကုသိုလ်တော်ဘုရားတို့သို့ သွားရောက်ခဲ့ပါသည်။

၇။ မစ္စတာ ဝမ်ယိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့ ညပိုင်းတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းပျံသန်းအမှတ် 3U 8708 ဖြင့် တရုတ်နိုင်ငံ၊ ကူမင်းမြို့သို့ ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အောင်မြင်မှုအထည်ချုပ်သင်တန်းကျောင်း ထူးချွန်သင်တန်းသားများနှင့် အကောင်းဆုံး အထည်ချုပ်စက်ရုံများ ဆုချီးမြှင့်ပွဲတက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၈**

အောင်မြင်မှု အထည်ချုပ်သင်တန်းကျောင်းမှ ဒုတိယစီမံကိန်းကာလတွင် ဖွင့်လှစ်မည့်သင်တန်းများ မိတ်ဆက်ခြင်း၊ ထူးချွန်သင်တန်းသားများကို ဆုချီးမြှင့်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုအကောင်းဆုံး အထည်ချုပ်စက်ရုံများကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အောင်မြင်မှုအထည်ချုပ်သင်တန်းကျောင်း ထူးချွန်သင်တန်းသားများနှင့် အကောင်းဆုံး အထည်ချုပ်စက်ရုံများကို ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့အစည်း(LIFT)၊ Care International နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အောင်မြင်မှုသင်တန်းကျောင်းမှ တာဝန်ခံများ၊ အထည်ချုပ်လုပ်ငန်းရှင်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

### ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာ့အထည်ချုပ်ကဏ္ဍသည် ၂၀၁၃ ခုနှစ်ကစပြီး "ကုန်သွယ်မှုအထူးအခွင့်အရေး"(GSP)ရခဲ့၍ မြန်မာ့လုပ်သားဈေးကွက်၌ အလုပ်အကိုင်အခွင့်အလမ်းအများဆုံးဖန်တီးပေးနိုင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်၍ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါကြောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလအထိ ကောက်ယူခဲ့သည့် ပထမအကြိမ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်းအစီရင်ခံစာအရ အထည်ချုပ်လုပ်သားအင်အား ၉၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသမှ မြို့ပြသို့ ပြောင်းရွှေ့ပြီး အသက်မွေးဝမ်းကျောင်းအတွက် လာရောက်ကြသော အမျိုးသမီးရွှေ့ပြောင်းလုပ်သားများဖြစ်သဖြင့် ၎င်းတို့၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ အထည်ချုပ်ကဏ္ဍအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ပြည်ပပို့ကုန်အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံကျော်ကို Export တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံအထိ တင်ပို့နိုင်ခဲ့ခြင်းကြောင့် ပြည်ပပို့ကုန်တင်ပို့မှု နှစ်ဆကျော်တိုးတက်လာသဖြင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလာကြပြီး အများဆုံးလာရောက်မြှုပ်နှံကြောင်း။

### နားလည်မှုစာချွန်လွှာ သက်တမ်းတိုးဆောင်ရွက်

မြန်မာ့အထည်ချုပ်ကဏ္ဍကို ဒေသတွင်း နိုင်ငံများသာမက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်၊ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ကျွမ်းကျင်လုပ်သားများဖြစ်စေရန် စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး ကျွမ်းကျင်မှုအဆင့်အလိုက် အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် အစိုးရ၊ လုပ်ငန်းရှင်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာ့ အထည်ချုပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာနနှင့် အောင်မြင်မှုစီမံကိန်းတို့ ပူးပေါင်း၍ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (မြောက်ဒဂုံ)၌ အထည်ချုပ် ကျွမ်းကျင်သင်တန်း၊ အထည်အရည်အသွေးစစ်ဆေးခြင်းသင်တန်း၊ အထည်ချုပ်စက်ပြင်သင်တန်း၊ ကြီးကြပ်ရေးမှူးသင်တန်း၊ အထည်ဖြတ်သင်တန်း၊ ကွန်ပျူတာဖြင့် ဒီဇိုင်းပုံဖော်ခြင်းသင်တန်း၊ အထည်ချုပ်အလုပ်အကိုင်ဆိုင်ရာ စီမံခန့်ခွဲရေးသင်တန်းများ ဖွင့်လှစ်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အောင်မြင်မှုသင်တန်းကျောင်းနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ရလဒ်ကောင်းများရရှိခဲ့၍ Care International ၏ ထောက်ပံ့မှုဖြင့် အထည်ချုပ်သင်တန်းများ ဆက်လက်ပို့ချနိုင်ရန် နားလည်မှုစာချွန်လွှာကာလကို ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၂၂ ခုနှစ် ဇွန်လအထိ သက်တမ်းတိုး ဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက အမှာစကားများပြောကြားပြီး အောင်မြင်မှုဆရာဖြစ်သင်တန်းအကြောင်းကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက အောင်မြင်မှုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အထည်ချုပ်စက်ရုံများ၊ ကုမ္ပဏီများနှင့် ထူးချွန်သင်တန်းသားများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အောင်မြင်မှုအထည်ချုပ်သင်တန်းကျောင်းမှ တာဝန်ရှိသူများက စက်ရုံအတွင်း သင်တန်းများဖွင့်လှစ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို စကားဝိုင်းဖွဲ့ ဆွေးနွေးကြ၍ Care International in Myanmar မှ Country Director Gary McGurk က နိဂုံးချုပ်အမှာစကားပြောကြားပြီး စက်ချုပ်နည်းပညာဆိုင်ရာ အတတ်ပညာအား အကောင်းဆုံးအကျိုးရှိစွာ အသုံးပြုနည်းကို သရုပ်ဖော်ပြသသည်။

### အထည်ချုပ်စက်ရုံ ၁၆ ရုံကို ဂုဏ်ပြုဆုပေးအပ်

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့အနေဖြင့် အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအထည်ချုပ် စစ်ဆေးအကဲဖြတ်ရေးဌာန ၄ ခု၊ ပုဂ္ဂလိက အထည်ချုပ်စစ်ဆေးအကဲဖြတ်ရေးဌာန ၂၇ ခု စုစုပေါင်း ၃၁ ခုကို အသိအမှတ်ပြုထားပြီး အထည်ချုပ်ကျွမ်းကျင်မှုအဆင့် ၁ တွင် ကျွမ်းကျင်လုပ်သား ၃၅၅၅ ဦးနှင့် အဆင့် ၂ တွင် ကျွမ်းကျင်လုပ်သား ၄၀ ကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ပြီးဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် အောင်မြင်မှုအထည်ချုပ်သင်တန်းကျောင်းမှ အထည်ချုပ်သင်တန်းတွင် ထူးချွန်သင်တန်းသား ၁၀ ဦးနှင့် ပူးပေါင်းဆောင်ရွက်မှုအကောင်းဆုံး အထည်ချုပ်စက်ရုံ ၁၆ ရုံကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းတို့မှဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အခက်အခဲများ ဖြေရှင်းပေး**

အခမ်းအနားတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါ ကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် သက်တမ်းအားဖြင့် သုံးနှစ်ကျော်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ(၅)ရပ်ကို ဖွဲ့စည်းကာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းကော်မတီ(၅)ရပ်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ကြုံနေရသော အခက်အခဲများကို သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကောင်းဆုံးဖြစ်အောင် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**တက်ညီလက်ညီ ပူးပေါင်း**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍတွင် တည်ရှိပြီး နှစ်စဉ်ကုန်သွယ်မှု ပမာဏ တိုးတက်အောင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၀၂ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ၏ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၃၂ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၎င်းကုန်သွယ်မှုပမာဏတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အမေရိကန် ဒေါ်လာ ၂ ဒသမ ၄၇၂ ဘီလီယံ ပါဝင်သည့်အတွက် ၈၂ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**တရားမဝင်ကုန်သွယ်မှုဖော်ထုတ်**

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရပ်တည်ရန် ခက်ခဲလာနိုင်သဖြင့် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်ပေးနိုင်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေး အထူးအဖွဲ့များ ဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလအထိ ဖမ်းဆီးအရေးယူမှုပေါင်း ၁၀၆၅ ကြိမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၆၄၈၂ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ တရားမဝင်ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှု အခြေအနေညွှန်းကိန်း မြင့်တက်လာမှုနှင့် စပ်လျဉ်း၍ နိုင်ငံအဆင့်၌ ဌာနအချင်းချင်းအကြား ပူးပေါင်းမှု မြှင့်တင်ရန်အတွက် တရားမဝင်

> “နိုင်ငံအဆင့်၌ ဌာနအချင်းချင်းအကြား ပူးပေါင်းမှု မြှင့်တင်ရန်အတွက် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဖွဲ့စည်း၍ လုပ်ငန်းတာဝန် (၁၃) ရပ် ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ”



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း



မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း

ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီဖွဲ့စည်း၍ လုပ်ငန်းတာဝန် (၁၃) ရပ် ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ရင်းနီးမြှုပ်နှံမှုဖိုရမ် (၂၀၁၉)သို့ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ထီးခီး နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းများသို့ သွားရောက်ပြီး တရားမဝင်ကုန်သွယ်မှုများ မရှိစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ တိုးတက်ရရှိစေရန်၊ ပြည်တွင်းရှိ MSME များအား အကာအကွယ်ပေးနိုင်ရန်၊ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှုများကို ကြိုတင်ကာကွယ် တားဆီးနိုင်ရန်၊ ဈေးကွက်အတွင်း မှန်ကန်စွာ ယှဉ်ပြိုင်လုပ်ကိုင်နိုင်စေရန်၊ တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရာတွင် ဆုပေးဒဏ်ပေးစနစ်ကို ထိရောက်လျင်မြန်စွာ ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ ကာကွယ်တားဆီးနှိမ်နင်း သွားကြရန်တို့ကို အဓိကထား၍ မှာကြားခဲ့ပါကြောင်း။

**အခက်အခဲများတင်ပြ**

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အစည်းအဝေးသို့ တင်ပြရန်အချိန်မမီသည့် အခက်အခဲများရှိပါက စာဖြင့်ရေးသားပေးပို့ တင်ပြနိုင်ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့်လည်း တတ်နိုင်သမျှ အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယနေ့ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် အသင်းအဖွဲ့များအနေဖြင့်လည်း ဆွေးနွေးမည့်ကဏ္ဍများနှင့် သက်ဆိုင်သည့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေး တင်ပြကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး တို့နှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

**အကြံပြုချက်များ ရှင်းလင်းဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဒေါက်တာ မြဟန်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ကျော်ထင်နှင့် အလုပ်အမှုဆောင် ဦးအောင်စိုးမင်းကျော်၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမင်းနိုင်စိုး၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးတို့က သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

အကြံပြု တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးကြသည်။

ယင်းနောက် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ က နိဂုံးချုပ် အမှာစကားပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၄၁)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဖလား လက်ဝှေ့ပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ရဲချုပ်တံခွန်စိုက်ဖလားဆုရရှိသည့် မှုခင်းရဲတပ်ဖွဲ့အသင်းအား တံခွန်စိုက်ဖလားချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၄၁)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဖလား လက်ဝှေ့ပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ စတင်ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝန်ကြီးဗိုလ်ချုပ် အောင်သူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များနှင့် ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ နည်းပြများနှင့် အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြပြီး ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပိတ်ပွဲအခမ်းအနား အမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယရဲချုပ်(၁)နှင့် ဒုတိယရဲချုပ်(၂)တို့က လူသစ်တန်းပြိုင်ပွဲများတွင် ဆုရရှိသူများအားလည်းကောင်း၊ ရဲချုပ်က အလွတ်တန်းပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် လူသစ်တန်း အကောင်းဆုံးလက်ဝှေ့သမားဆုရရှိသူတို့အား လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်၍ လူသစ်တန်းတံခွန်စိုက်ဆုရရှိသည့် အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးအသင်းအား ဆုဖလားချီးမြှင့်ခဲ့ပြီး ဒုတိယဝန်ကြီးက အလွတ်တန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများပေးအပ်ကာ အလွတ်တန်းတံခွန်စိုက်ဆုရရှိသည့် မှုခင်းရဲတပ်ဖွဲ့အသင်းအား ဆုဖလားချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ က အလွတ်တန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်ကာ ရဲချုပ်တံခွန်စိုက်ဖလားဆုရရှိသည့် မှုခင်းရဲတပ်ဖွဲ့အသင်းအား တံခွန်စိုက်ဖလားချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုမ္ပဏီတစ်ခုထူထောင်မယ်ဆိုရင် အွန်လိုင်းကနေတစ်ဆင့် လွယ်လွယ်ကူကူ လုပ်ကိုင်နိုင်နေပါပြီ။ ဒေသတွင်းမှာဆိုရင် လုပ်ငန်းမြန်ဆန်သွက်လက်တဲ့ အဖွဲ့အစည်းအဖြစ် နာမည်ကောင်းတစ်ခုနဲ့ ရပ်တည်နိုင်နေပါပြီ

ရှင်မင်း၊ ဓာတ်ပုံ - ထိန်နန်နေ

**၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၈၇/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် ယခုအခါ ဖွဲ့စည်းမှုတစ်နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ထိုသို့ ဝန်ကြီးဌာနဖွဲ့စည်းမှု တစ်နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်၊ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများပေါ်ထွန်းစေရန် ရည်ရွယ်ကြိုးပမ်းခဲ့သည်။**

ထိုသို့ ဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ အဆိုပါ ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး ။ ။ ပထမဦးဆုံးအနေနဲ့ ဝန်ကြီးဌာနရဲ့ တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး သိပါရစေ။**

**ပြည်ထောင်စုဝန်ကြီး ။** ။ ကျွန်တော်တို့ ဝန်ကြီးဌာနက ၂၀၁၈ ခုနှစ် နိုဝင်ဘာလက စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် တစ်နှစ်သက်တမ်းကို ဖြတ်ကျော်ခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ဦးစီးဌာန နှစ်ခုနဲ့ ဖွဲ့စည်းပြီး လုပ်ငန်းတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA) က ရန်ကုန်မှာ ရုံးစိုက်ပါတယ်။ အဓိက ကတော့ ရင်းနှီးမြှုပ်နှံမှုတွေအတွက် ကုမ္ပဏီတွေ စတင်တည်ထောင်ရာမှာ လုပ်ငန်းတွေ လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးရပါတယ်။ ဦးစီးဌာနရဲ့ ရုံးချုပ်က ရန်ကုန်မှာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း ဌာနခွဲတွေရှိပါတယ်။ ပေါင်းလိုက်ရင်တော့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုနဲ့ နေပြည်တော် စုစုပေါင်းဌာနခွဲက ၁၅ ခု ရှိပါတယ်။ DICA မှာက စုစုပေါင်း ဝန်ထမ်း ၄၈၀ လောက်ရှိပါတယ်။ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအနေနဲ့ ဝန်ထမ်း ၅၀ လောက် ရှိပါတယ်။

ကျန်တဲ့ ဦးစီးဌာနတစ်ခုဖြစ်တဲ့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန (FERD) ကတော့ နေပြည်တော်မှာ ရုံးစိုက်ပါတယ်။ ဒီဦးစီးဌာနအနေနဲ့က ကျွန်တော်တို့ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ဖွံ့ဖြိုးတိုးတက်အောင်၊ ဒီလိုတိုးတက်အောင် မူဝါဒတွေ ကောင်းမွန်အောင် ဆွေးနွေးညှိနှိုင်းပေးတာ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်မှာရှိတဲ့ နိုင်ငံတွေ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ ဒေသတွင်းမှာရှိတဲ့ GMS တို့၊ အာဆီယံတို့၊ ဘင်းမ်စတက်တို့လို



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း

စတဲ့အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်ရပါတယ်။ ဒီဦးစီးဌာနမှာက ဝန်ထမ်း ၁၈၀ လောက်ပဲ ရှိပါတယ်။ စုစုပေါင်း ကျွန်တော်တို့ ဝန်ကြီးဌာနမှာ စုစုပေါင်း ဝန်ထမ်း ၇၁၀ လောက်ပဲ ရှိပါတယ်။ ရှိတဲ့ အင်အားနဲ့ပဲ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်အောင် ကြိုးပမ်းနေပါတယ်။

DICA အနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေအတွက် ကုမ္ပဏီတွေ စတင်တည်ထောင်ရာမှာ လုပ်ငန်းတွေ လွယ်ကူချောမွေ့အောင် လုပ်ငန်းစဉ် အဆင့်တွေ လျှော့ချပေးပြီး ရင်းနှီးမြှုပ်နှံမှု လွယ်ကူအောင် ဆောင်ရွက်ပေးနေပါတယ်။ အခုဆိုရင် ရင်းနှီးမြှုပ်နှံမယ့်သူတွေ သိလာကြပါပြီ။ အွန်လိုင်းစနစ်နဲ့ မှတ်ပုံတင်လုပ်ငန်းတွေ လုပ်နိုင်အောင် ဆောင်ရွက်ပေးနေပါပြီ။ ဒါကြောင့် ကုမ္ပဏီတစ်ခုထူထောင်မယ်ဆိုရင် အွန်လိုင်းကနေတစ်ဆင့် လွယ်လွယ်ကူကူ လုပ်ကိုင်နိုင်နေပါပြီ။ ဒေသတွင်းမှာဆိုရင် လုပ်ငန်းမြန်ဆန် သွက်လက်တဲ့ အဖွဲ့အစည်းအဖြစ် နာမည်ကောင်းတစ်ခုနဲ့ ရပ်တည်နိုင်နေပါပြီ။

ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာ ကမ္ဘာ့ဘဏ်က Ease of Doing Business Report ကို ထုတ်ပြန်ခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု လုပ်ဖို့ လွယ်ကူတဲ့ နိုင်ငံတွေစာရင်းဆိုပြီး ကြေညာပါတယ်။ တိုးတက်မှုအရှိဆုံး နိုင်ငံ ၂၀ ထဲမှာ မြန်မာနိုင်ငံက ပါဝင်ခဲ့ပါတယ်။ သဘောကတော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေပါတယ်။ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီအသေးလေးတွေကအစ အကာအကွယ်ပေးနေတာတွေ ရှိပါတယ်။ Starting a Business လို့ခေါ်တဲ့ လုပ်ငန်းတစ်ခုစတင်တဲ့ အခြေအနေအတွက် မနှစ်က နိုင်ငံပေါင်း ၁၉၀ မှာ ကျွန်တော်တို့ နိုင်ငံအဆင့်က ၁၅၅ ပါ။ ဒီနှစ် ကျတော့ အဆင့်က ၇၀ ဖြစ်လာပါပြီ။ ဆိုလိုတာက အဆင့်က သိသိသာသာ တိုးတက်လာတာကို တွေ့ရပါတယ်။

Starting a Business အပါအဝင် ကဏ္ဍပေါင်း ၁၀ ခုရှိပါတယ်။ ဒီ ၁၀ ခုစလုံးကို စိစစ်တဲ့အခါ မြန်မာနိုင်ငံက မနှစ်က အဆင့်က ၁၇၁ ပါ။ ဒီနှစ်မှာ အဆင့် ၁၆၅ ဖြစ်လာပြီး တိုးတက်လာပါတယ်။ ဒီလိုတိုးတက်လာတယ်ဆိုပြီး ကျွန်တော်တို့အနေနဲ့ ကျေနပ်နေလို့ မရပါဘူး။ ကျွန်တော်တို့ နိုင်ငံကို ဒီထက် ဒီထက် ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာအောင် ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလို ကြိုးပမ်းဆောင်ရွက်ရာမှာလည်း ကျွန်တော်တို့က နိုင်ငံမှာ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ စီးပွားရေးစနစ်ကို ထူထောင်နေတာဖြစ်ပါတယ်။ အများက MSDP လို့လည်း သိကြပါတယ်။ MSDP ကိုအကောင်အထည်ဖော်နိုင်ဖို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန(ယခု စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန) ၊ ဘဏ္ဍာရေးနဲ့ ပတ်သက်တဲ့၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ အဖွဲ့အစည်းတွေ အားလုံး ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဒီအတွက် ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနအနေနဲ့ တစ်နှစ်ကာလ ဖြတ်ကျော်ပြီးတဲ့အချိန်မှာ လုပ်ငန်းတွေပိုပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းနဲ့ ဝန်ထမ်းအခြေအနေက ဘယ်လိုရှိတယ်ဆိုတာ သိပါရစေ။**

**ပြည်ထောင်စုဝန်ကြီး ။** ။ တစ်နှစ်တာအတွင်း လုပ်ခဲ့တဲ့ လုပ်ငန်းတွေ အများကြီးလုပ်ခဲ့ပါတယ်။ ဝန်ထမ်းအင်အားက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ၇၀၀ ကျော်ပဲ ရှိပါတယ်။ ရှိတဲ့ဝန်ထမ်း အင်အားနဲ့ လုပ်ငန်းကို ထိရောက်အောင် ကြိုးစားခဲ့ပါတယ်။ ကြိုးစားတဲ့အတွက် တိုးတက်ခဲ့ပါတယ်။ တိုးတက်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုက တိုင်းပြည်ကို စီးဝင်လာတာ ဘီလီယံနဲ့ ရှိနေပါတယ်။ ဒီလိုဝင်နိုင်အောင်လို့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ရပါတယ်။ ပြည်တွင်းမှာကော၊ ပြည်ပမှာပါ ကြိုးပမ်းရပါတယ်။ ပြည်တွင်းဆိုကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးစတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တို့မှာ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွေ ကျင်းပခဲ့ပါတယ်။

ချင်းပြည်နယ်ကတော့ သွားရေးလာရေးခက်ခဲတော့ ရန်ကုန်မှာ ကျင်းပခဲ့ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာလည်း သွားရောက် ကျင်းပတော့မှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ပသို့ သွားရောက်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဖို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုတွေ တိုးချဲ့လုပ်ဆောင်ဖို့အတွက် ဝန်ထမ်းအင်အားက လိုလာပါတယ်။ ဖြစ်နိုင်ရင်တော့ ဝန်ထမ်းအင်အား တိုးချဲ့ရမှာပါ။ အခုလောလောဆယ်မှာ အမြဲတမ်းအတွင်းဝန်ရာထူးမရှိလို့ ဖြည့်စွက်ခန့်ထားခဲ့ပါတယ်။ ညွှန်ကြားရေးမှူးချုပ်တွေရဲ့ လစ်လပ်တဲ့ နေရာတွေမှာ ဖြည့်စွက်ခန့်ထားပါတယ်။ အလားတူပဲ ကျန်တဲ့နေရာတွေမှာလည်း ဝန်ထမ်းအပြည့်အဝနဲ့ လုပ်ဖို့ ဖြည့်စွက်သွားမှာပါ။ ဒါမှလည်း သွားချင်တဲ့ ပန်းတိုင်ကို ရောက်မှာဖြစ်ပါတယ်။ အိမ်နီးနားချင်း နိုင်ငံတွေကနေပိုပြီး စိတ်ဝင်စားလာအောင် ကြိုးပမ်းတာလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ရှင်းလင်းပြောကြားပြီး ဆွဲဆောင်တာမျိုးရှိပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းမှာ ထိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယား၊ ဂျပန် စသည်ဖြင့် အိမ်နီးနားချင်းနိုင်ငံတွေကို သွားရောက်ခဲ့ပါတယ်။

အလားတူပဲ ယူကေ၊ ပြင်သစ်၊ ဂျပန်၊ ဂျာမနီ၊ အီတလီ စတဲ့ နိုင်ငံတွေကိုလည်း ကျွန်တော်တို့ နိုင်ငံရဲ့ ပကတိအခြေအနေအကြောင်းကိုလည်း ရှင်းပြပါတယ်။ စီးပွားရေး ဝန်းကျင် ဖြစ်ပေါ်တိုးတက်မှုတွေ အခြေအနေကိုလည်း ပြောပြပါတယ်။ စိတ်ဝင်စားမှုလည်း ရှိပါတယ်။

ဥပမာပြောရရင် ရန်ကုန်က သီလဝါ အထူး စီးပွားရေးဇုန်မှာ ကုမ္ပဏီကြီးတွေ ဝင်လာပါပြီ။ ဂျပန်ကဆိုရင် အများပြည်သူသိတဲ့ တိုယိုတာ၊ ဆူဇူကီး စတဲ့ ကုမ္ပဏီကြီးတွေပါ။ အဲဒါတွေအပြင် ဆေးဝါး၊ လျှပ်စစ်နဲ့ဆိုင်တဲ့ ကုမ္ပဏီတွေလည်း ဝင်ရောက်လာပါပြီ။ ဒါ့အပြင် စီးပွားရေး တိုးတက်မှုနဲ့အတူ ပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းလည်း တိုးတက်လာအောင် စက်မှုဇုန်တွေ တည်ထောင်ပေးနေပါတယ်။

ထိုင်းနဲ့ ဆောင်ရွက်တဲ့ စက်မှုဇုန်အကြီးတစ်ခုကို ခွင့်ပြုပေးထားပါပြီ။ အလားတူပဲ ကိုရီးယားနဲ့ ဆောင်ရွက်တဲ့ စက်မှုဇုန်လည်း ရှိပါတယ်။ စက်တင်ဘာလအတွင်းက ကိုရီးယားသမ္မတကြီး မြန်မာနိုင်ငံကို ချစ်ကြည် ရေးလာတဲ့အချိန်မှာ နှစ်ဦးနှစ်ဖက်သဘောတူပြီး Korea Myanmar Industrial Complex တည်ထောင်ဖို့ ရှိပါတယ်။

ကိုရီးယားက ကျွန်တော်တို့ကို သက်သာတဲ့ အတိုးနှုန်းနဲ့ ချေးငွေ ဒေါ်လာ ၁ ဘီလီယံ ချေးပေး ပါတယ်။ အတိုးက ၀ ဒသမ ၀၁ နှုန်းနဲ့ နှစ် ၄၀ ပေးပါတယ်။ ကျွန်တော်တို့ နိုင်ငံ့ခေါင်းဆောင်တွေ တရုတ်နိုင်ငံကို သွားခဲ့တဲ့ အချိန်မှာလည်း ယွမ် ၁ ဘီလီယံ ချေးငွေပေးတာရှိပါတယ်။ အီးယူကလည်း ကျွန်တော်တို့နိုင်ငံ ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် အတိုးမဲ့ ယူရို သန်း ၂၃၀ သန်းကို ပေးပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်လာအောင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ညှိနှိုင်းဆောင်ရွက်ရပါတယ်။ အဲဒီအတွက် အောင်မြင်မှုရရှိနေတာ တွေ့ရမှာဖြစ်ပါတယ်။

အလားတူပဲ ကုလသမဂ္ဂ အဖွဲ့အစည်းတွေနဲ့ လုပ်နေတာလည်း ရှိပါတယ်။ UNDP ၊ WFP နဲ့ လုပ်နေတာတွေကလည်း အောင်မြင်နေပါတယ်။ ဒီလိုလုပ်ဆောင်မှုတွေက ကျွန်တော်တို့နိုင်ငံ ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မယ်၊ ပညာရေးကဏ္ဍကို ပိုပြီးထိထိရောက်ရောက် လုပ်လာနိုင်မယ်၊ ကျန်းမာရေးမှာဆိုရင် Anti Malaria Campaign တို့ ဆောင်ရွက်နိုင်မယ်၊ HIV/AIDS ရောဂါအတွက် ဆေးဝါးတွေ ပိုပြီး ပြည့်ပြည့်ဝဝ ပေးနိုင်မှာဖြစ်ပါတယ်။ ခြုံငုံပြီး ပြောရရင် ကျွန်တော်တို့ နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှုရှိအောင်ဆိုရင် ကိုယ့်အားကိုယ်ကိုးရမှာ မှန်ပေမယ့် ပူးပေါင်းဆောင်ရွက်ရင် လျင်လျင်မြန်မြန် ပိုပြီးအောင်မြင်နိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့နဲ့အတူ လက်တွဲပြီး ဆောင်ရွက်ဖို့ ပုဂ္ဂလိက လုပ်ငန်းရှင်တွေကိုလည်း ဖိတ်ခေါ်ချင်ပါတယ်။ International Part-nerships တွေကိုလည်း ဖိတ်ခေါ်ပါတယ်။

**မေး ။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းပြပုံအရ ဝန်ကြီးဌာနရဲ့ လုပ်ငန်းတွေက တော်တော်လေး ကျယ်ပြန့်တာကို တွေ့ရပါတယ်။ ဒီလိုမျိုးကျယ်ပြန့်ရတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာရော စိန်ခေါ်မှုတွေရော ရှိပါသလားရှင့်။**

*စာမျက်နှာ ၁၁ သို့*

> **“နိုင်ငံတစ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုလုပ်ဖို့ လွယ်ကူတဲ့ နိုင်ငံတွေစာရင်းဆိုပြီး ကြေညာပါတယ်။ တိုးတက်မှုအရှိဆုံး နိုင်ငံ ၂၀ ထဲမှာ မြန်မာနိုင်ငံက ပါဝင်ခဲ့ပါတယ်။ သဘောကတော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေပါတယ်။ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီအသေးလေးတွေကအစ အကာအကွယ်ပေးနေတာတွေ ရှိပါတယ်။ Starting a Business လို့ခေါ်တဲ့ လုပ်ငန်းတစ်ခုစတင်တဲ့ အခြေအနေအတွက် မနှစ်က နိုင်ငံပေါင်း ၁၉၀ မှာ ကျွန်တော်တို့ နိုင်ငံအဆင့်က ၁၅၅ ပါ။ ဒီနှစ်ကျတော့ အဆင့်က ၇၀ ဖြစ်လာပါပြီ”**

# မြန်မာ - ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး သံဃာအပါးသုံးသောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မန္တလေးမြို့၌ စည်ကားစွာကျင်းပ

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာအလှူရှင်များနှင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဓမ္မကာယဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် သံဃာတော်အပါးသုံးသောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၆ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်လေယာဉ်ကွင်း၌ ကျင်းပသည်။



အလှူတော်မင်္ဂလာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် နိုင်သက်လွင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှ ကောင်စစ်ဝန်ချုပ်များနှင့် ဧည့်သည်တော်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ထိုင်းနိုင်ငံမှ အလှူရှင်များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။



## အရုဏ်ဆွမ်းဆက်ကပ်

ရှေးဦးစွာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကြွရောက်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိ သာမဏေကျော် စာသင်တိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တတေဇောသာရာဘိဝံသအမှူးပြုသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများနှင့် ပြည်ပနိုင်ငံများမှ ကြွရောက်လာကြသည့် ဆရာတော် သံဃာတော်များအား ဒုတိယဝန်ကြီး ဦးကြည်မင်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် အလှူရှင်များက လေဆိပ်ခန်းမဆောင်တွင် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်တို့က ဖယောင်းတိုင်များအား ထွန်းညှိပူဇော်ကြပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်များက ပန်းများ ကပ်လှူပူဇော်ကြကာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသထံမှ ငါးပါးသီလံ ခံယူဆောက်တည်ကြသည်။

ထို့နောက် ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက်နာယက ဆရာတော်ကြီး လုံဖော ဓမ္မချိုင်ယို၏ ဩဝါဒအသံဖိုင်ကို နာယူကြပြီး ကြွရောက်လာကြသည့် ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကာ ထိုင်းနိုင်ငံမှ အလှူရှင်ခြောက်ဦးက ပစ္စည်းလေးပါး ဆက်ကပ်မှုကို တိုင်တည်ရွတ်ဆို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

## ဝမ်းမြောက်စကားလျှောက်ထား

ဆက်လက်၍ သံဃာသုံးသောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ဝန်ကြီးချုပ်ကိုယ်စား ဝမ်းမြောက်စကား လျှောက်ထားရာတွင် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များနှင့် ထိုင်းနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များတို့အတွက် ကုသိုလ်ဒါနမျိုးစေ့ချ၍ အနုဂ္ဂဟပူဇာ မင်္ဂလာကို ဆည်းပူးဆောင်ရွက်နိုင်ကြစေရန် ယခုကဲ့သို့ ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်းမှ အလှူရှင်များနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်တကွ မြန်မာနိုင်ငံအတွင်းရှိ အလှူရှင်များအားလုံးတို့က ကုသိုလ်တရားများကို အစဉ်ထာဝရတိုးပွားအောင် ဆောင်ရွက်ကြရန် အခွင့်ကောင်းအခါကောင်းကြီးကို ရရှိခဲ့ကြသည့်အတွက်လည်း နှစ်နိုင်ငံ ပြည်သူ၊ ပြည်သားများကိုယ်စား အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း လျှောက်ထားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ထိုင်းနိုင်ငံ အလှူရှင်များက ဝမ်းမြောက်စကား လျှောက်ထားကာ သံဃာတော်အပါးသုံးသောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက ကျေးဇူးတင်စကား ပြန်လည်လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိသာမဏေကျော် စာသင်တိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တတေဇောသာရာဘိဝံသ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ သံဃာတော်အပါးသုံးသောင်းတို့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီး ဦးဇာနည်အောင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အလှူရှင်များက သံဃာတစ်ပါးလျှင် နဝကမ္မအလှူတော်ငွေ သုံးသောင်းကျပ်စီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းကုသိုလ်ပြုလောင်းလှူကြသည်။

ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ နိုင်သက်လွင်နှင့် ဧည့်ပရိသတ်များက နာယူကြည်ညိုကြစဉ်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးသို့ မန္တလေးမြို့နှင့် အနီးဝန်းကျင်ဒေသများမှ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ယာဉ်လိုင်းများ၊ အခြေခံပညာနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသားကျောင်းသူများက လုပ်အားပေးကူညီဆောင်ရွက်ပေးခဲ့ကြပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့လာရောက်ကြသည့် ဧည့်ပရိသတ်များအား စေတနာရှင်အလှူရှင်များက မုန့်မျိုးစုံ၊ အအေးမျိုးစုံဖြင့် ဒါနပြုလှူဒါန်း ကျွေးမွေးခဲ့ကြသည်။

## ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်

မြန်မာ - ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ပထမအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် သံဃာအပါး တစ်သောင်းအား မန္တလေးတောင်ခြေ၌ လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် သံဃာအပါးနှစ်သောင်းအား ချမ်းမြသာစည်လေယာဉ်ကွင်း၌ လည်းကောင်း လောင်းလှူပူဇော်ခဲ့ပြီး ယခုနှစ်တွင် တတိယအကြိမ်မြောက်အဖြစ် သံဃာအပါး သုံးသောင်းအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပခြင်း ဖြစ်သည်။

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ - အောင်ဖြိုးကျော်**



ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဧည့်ပရိသတ်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။

# နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

လွိုင်ကော် ဒီဇင်ဘာ ၈

**နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့်အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လွိုင်ကော်မြို့၊ ပြည်နယ်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားသည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်ပြီး မြို့ကြီးများသာမက ကျေးလက်နေပြည်သူများပါ လျှပ်စစ်ဓာတ်အား သုံးစွဲမှုရရှိရေး အစိုးရ၊ ဌာန၊ ပြည်သူများနှင့် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များ အားလုံးက ပေါင်းစပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၁ ကေဗွီလိုင်းနှင့် ၄၀၀ ဗို့လိုင်း၊ ထရန်စဖော်မာ အသစ် တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်း ပြုပြင်ပြောင်းလဲခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။



ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်နယ် အစိုးရအဖွဲ့၏ စီမံမှု၊ ပြည်နယ်လွှတ်တော်၏ ပူးပေါင်းမှုများကြောင့် တည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေးကဏ္ဍများတွင် ကျပ်သန်းပေါင်း ၅ ထောင် ခွဲဝေချထားပေးနိုင်ခဲ့ပါကြောင်း၊ ရေအားလျှပ်စစ်သမိုင်း၏ အစဖြစ်သည့် ဘီလူးချောင်းလျှပ်စစ်ဓာတ်အားပေး စက်ရုံများ တည်ရှိရာဒေသနေ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာရရှိနေပြီ ဖြစ်ပါကြောင်း၊ ထို့အပြင် ထရန်စဖော်မာများ ထပ်မံခွဲဝေရရှိရန်အတွက် ပြည်ထောင်စု အဆင့်သို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်နယ်အတွင်း လိုအပ်လျက်ရှိသည့် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများကိုလည်းရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင်လည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာဖြင့် လျှပ်စစ်အသိ၊ လျှပ်စစ်သတိများဖြင့် အကျိုးရှိစွာ သုံးစွဲနိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးမြတ်စိုးကျော်က နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့်မြောက်သည့် အထိမ်းအမှတ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးတို့အား အမှတ်တရ အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။ **(ဓါတ်ပုံ)**

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**လွိုင်ကော်သား**

# မြစ်ကြီးနားမြို့တွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်



**မြစ်ကြီးနား ဒီဇင်ဘာ ၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို ပြည်နယ်၏ စံပြမြို့တော်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ယမန်နေ့ နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြသည်။**(ယာပုံ)**

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့၌ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ကျွန်းပင်သာရပ်ကွက်နှင့် ရွှေညောင်ပင်ရပ်ကွက်များအတွင်းရှိ လက်ပံလမ်း အရှည်ပေ ၅၃၅၀၊ ရတနာလမ်းအရှည်ပေ ၁၅၀၀ နှင့် ဒေသန္တရလမ်းအရှည်ပေ ၃၆၅၀ တို့ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ခင်းကျင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒူကထောင်ရပ်ကွက်အတွင်းရှိ ဂျော်လမ်းအရှည်ပေ ၃၈၅၀ နှင့် ပမ္မတီးရပ်ကွက် ခရမ်းကျောင်းလမ်းအရှည်ပေ ၄၅၀၀ တို့ကို ကတ္တရာလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၉ မှ*

**ပြည်ထောင်စုဝန်ကြီး ။** ။စိန်ခေါ်မှုတွေကတော့ အထိုက်အလျောက်ရှိပါတယ်။ မြန်မာနိုင်ငံမှ ဖွံ့ဖြိုးတိုးတက်ပြီး တည်တံ့ခိုင်မြဲဖို့အတွက် ဟန်ချက်ညီတဲ့ စီမံကိန်းတွေချပြီး ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်တဲ့အခါမှာ အောင်မြင်အောင် ညှိနှိုင်းရပါတယ်။ ဒီဇင်ဘာ ၄ ရက်နဲ့ ၅ ရက်ကို သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးနဲ့ ပြည်ပမှ ပံ့ပိုးကူညီနေတဲ့ အဖွဲ့အစည်းတွေနဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်တွေ ပေါင်းပြီးတော့ ညှိနှိုင်းနေရတာဖြစ်ပါတယ်။ ဒီရက်တွေမှာ ညှိနှိုင်းမှုတွေကို အောင်မြင်အောင်လုပ်နိုင်မယ်ဆိုရင် လာမယ့်နှစ်တွေမှာ ဒီထက်မကပိုမိုပြီး လုပ်ငန်းတွေ တွင်ကျယ်မယ်လို့ ယူဆပါတယ်။ နေပြည်တော်မှာ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC II) မှာ ကျင်းပတဲ့ အစည်းအဝေးဟာ ကျွန်တော်တို့ နိုင်ငံမှာ Myanmar Sustainable Development Plan(MSDP) ကို ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်အောင်၊ ကျွန်တော်တို့ နိုင်ငံသားတွေ အကျိုးရှိအောင် ဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်တဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိက ကဏ္ဍက ကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

စီမံကိန်းတွေ ဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော် ဘတ်ဂျက်အပြင် ပုဂ္ဂလိက ကဏ္ဍ ကလည်း ပါဝင်လာဖို့ လိုပါတယ်။ ပံ့ပိုးကူညီမယ့် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ မိတ်ဖက်နိုင်ငံတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ ဒီမှာ ရလဒ်ကောင်းရင်တော့ ကျွန်တော်တို့ နိုင်ငံမှာ စီးပွားရေးနဲ့ ပတ်သက်ပြီး ပိုမိုရင်းနှီးမြှုပ်နှံမှာ ဖြစ်တဲ့အတွက် အချိန်ပေးပြီးတော့ အင်တိုက်အားတိုက် ဆောင်ရွက်နေတာ ရှိပါတယ်။ ဒီလို အင်တိုက်အားတိုက်လုပ်ဖို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ဝန်ထမ်းအင်အားပိုပြီး လိုအပ်ပါတယ်။ ဒီအတွက်လည်း ညှိနှိုင်းနေတာ ရှိပါတယ်။

စီးပွားရေးရင်းနှီးမြှုပ်နှံမှုကို ပြောရမယ်ဆိုရင် ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်မှာ ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံဝင်ပါတယ်။ လာမယ့်နှစ်မှာ ဆတက်ထမ်းပိုးတိုးလာဖို့ မျှော်လင့်တယ်။ ဒီလိုတိုးတက်မှုတွေ ရလာဖို့အတွက် ဒီထက်မက လူအင်အားနဲ့ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

**မေး ။ ။ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဟာ ဆက်စပ်နေပါတယ်။ ဒါနဲ့ ဆက်စပ်ပြီး ရင်းနှီးမြှုပ်နှံမှုက ပို့ကုန်တိုးတက်စေရေးအတွက် ဘယ်လောက်အထောက်အကူဖြစ်စေတယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

**ပြည်ထောင်စုဝန်ကြီး ။** ။ကျွန်တော်တို့ နိုင်ငံမှာ ပြီးခဲ့တဲ့နှစ်မှာ GDP သိသိသာသာ တိုးတက်လာပါတယ်။ အရင်က GDP က ၆ ရာခိုင်နှုန်း၊ ၆ ဒသမ ၅ ရာခိုင်နှုန်းကနေ လာမယ့်နှစ်မှာ ၆ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်မယ်လို့ မျှော်မှန်းထားပါတယ်။ ဒါက ကမ္ဘာ့ဘဏ်က ပြောထားတဲ့ နှုန်းထားတွေလည်း ဖြစ်ပါတယ်။ ဒါတွေဟာ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု ပိုမို မြင့်မားလာတာကြောင့်လည်းဖြစ်တယ်လို့ ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ကုန်သွယ်ရေးကလည်း တိုးတက်လာပါတယ်။ ကုန်သွယ်ရေးဆိုတာ အိမ်နီးနားချင်းနိုင်ငံတွေနဲ့ ကုန်းလမ်းကနေ ကုန်သွယ်နေတာ ရှိသလို၊ ပင်လယ်ရေကြောင်းကနေ ကုန်သွယ်တာတွေ ရှိပါတယ်။ ပြည်တွင်းမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင်တွေဟာ အများအားဖြင့် ပြည်ပကို ပို့ကုန်တွေ ပြန်ပြီးတင်ပို့တာရှိပါတယ်။ ဥပမာ အထည်ချုပ် လုပ်ငန်းတွေပါ။ အခုကတော့ အထည်ချုပ်လုပ်ငန်းတွေတင် မကတော့ပါဘူး။ အမယ်တွေ ပိုများလာတယ်။ ဖိနပ်ချုပ်တာ၊ အားကစားဝတ်စုံ၊ ခရီးသွားအိတ်တို့ချုပ်တာ ဒါမျိုးတွေ လုပ်တာတွေ ရှိပါတယ်။ အရင်နဲ့စာရင် တိုးတက်လာတာကို တွေ့ရပါတယ်။ အခု ကျွန်တော်တို့နိုင်ငံမှာ မော်တော်ယာဉ်တွေ တပ်ဆင်လာတာ ရှိပါတယ်။

ကျွန်တော်တို့ ပြည်သူတွေ အလုပ်အကိုင်ရသလို ရင်းနှီးမြှုပ်နှံမှုလည်း တိုးလာပါမယ်။ ပြည်ပပို့ကုန်လည်း တိုးလာပါမယ်။ ဒါကြောင့်မို့လို ရင်းနှီးမြှုပ်နှံမှုဟာ ပြည်တွင်းအတွက် အကျိုးရှိရုံသာမက ကုန်သွယ်မှုအတွက်ပါ အကျိုးအများကြီးရှိတယ်ဆိုတာ တွေ့ရှိရပါတယ်။ အခုဆိုရင် လျှပ်စစ်ပစ္စည်းတွေကို ပြည်တွင်းမှာထုတ်ပြီး ပြည်ပကို တင်ပို့ဖြန့်ဖြူးတာတွေ ရှိပါတယ်။ ဒါကြောင့်မို့ ရင်းနှီးမြှုပ်နှံမှုဟာ ကုန်သွယ်ရေးအတွက်ပါ အကျိုးရှိတယ်လို့ ပြောချင်ပါတယ်။

**မေး ။ ။ရင်းနှီးမြှုပ်နှံမှုတွေတိုးလာဖို့ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတွေ ဝန်ကြီးဌာနက ဖော်ဆောင်နေမှုအပိုင်းကို သိပါရစေ။**

**ပြည်ထောင်စုဝန်ကြီး ။** ။ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတွေ ဖြစ်လာအောင် ဆောင်ရွက်နေတာ ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ခုနကပြောခဲ့သလို ကမ္ဘာ့ဘဏ်ကနေ နိုင်ငံပေါင်း ၁၉၀ ကို စနစ်တကျ လေ့လာပြီး နှစ်စဉ်နှစ်တိုင်း အစီရင်ခံစာ ထုတ်ပြန်ပါတယ်။ ဘယ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံရင် အကျိုးရှိတယ်ဆိုတာကို ထုတ်ပြန်နေတာတွေ ရှိပါတယ်။ ကျွန်တော်တို့က နိုင်ငံပေါင်း ၁၉၀ မှာ နိုင်ငံပေါင်း ပထမဆုံး ၁၀၀ ထဲမှာပါအောင် ဒုတိယသမ္မတကြီး ဦးမြင့်ဆွေ ဦးဆောင်ပြီး ဆောင်ရွက်နေတာရှိပါတယ်။ ဒီနှစ်ဆိုရင် အထိုက်အလျောက် တိုးတက်လာတာ တွေ့ရှိရပါတယ်။ လာမယ့်နှစ်မှာ ပိုပြီး တိုးတက်လာမယ်လို့ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်က ကုမ္ပဏီတစ်ခု ထူထောင်ဖို့ ခက်ခဲတယ်။ အခုက MyCO ကြောင့် အွန်လိုင်းကနေ လုပ်လို့ရပြီဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းငယ်တွေကို အကာအကွယ်ပေးနိုင်မယ့် ဥပဒေလည်း ထုတ်ထားပြီးဖြစ်ပါတယ်။ နောက်တစ်ခုက အများအားဖြင့် ပါမစ်အတွက် ကြန့်ကြာတယ်လို့ အကြံပြုကြတဲ့အတွက် ပါမစ်ကို မြန်မြန်ဆန်ဆန် ထုတ်ပေးနိုင်အောင် လုပ်ပေးနေပါတယ်။ လုပ်ငန်းတစ်ခုအတွက် အဆိုပြုပြီဆိုရင် အနီးဆုံး အစည်းအဝေးမှာ ညှိနှိုင်းဆွေးနွေးပြီး ခွင့်ပြုနိုင်တဲ့ အခြေအနေဆိုရင် ရက်အနည်းငယ်အတွင်းမှာ ခွင့်ပြုမိန့် ထုတ်ပေးပါတယ်။ ဒါကြောင့်မို့ ပါမစ်အတွက်လည်း မြန်ဆန်လာပါပြီ။ နောက်တစ်ခုက အဆောက်အဦဆောက်လုပ်ခွင့် ပါမစ်ဆိုရင် အွန်လိုင်းကနေ ဆောင်ရွက်လို့ရပါပြီ။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် လူကိုယ်တိုင် လာလျှောက်စရာမလိုဘဲ အွန်လိုင်းကနေ လျှောက်လို့ရတဲ့အတွက် အများကြီး အကျိုးရှိပါတယ်။ ဘဏ်လုပ်ငန်းတွေကိုလည်း လွယ်ကူအောင် လုပ်ပေးနေတာရှိပါတယ်။ ဒါကြောင့်မို့လို့ ရင်းနှီးမြှုပ်နှံမှုလွယ်လာရင် ကျန်တဲ့ကုမ္ပဏီတွေကလည်း ဝင်ရောက်လာမှာ ဖြစ်ပါတယ်။ ကျွန်တော် ဥပမာပြောလေ့ရှိပါတယ်။ ရေကန်ရှာတဲ့ ဗျိုင်းအုပ်အတွက် သာယာတဲ့ ရေကန်တွေ့ရင် ဆင်းသက်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံကိုလည်း အဲဒီလိုပဲ မျှော်လင့်ပါတယ်။ တော်တော်များများလည်း လာရောက် လေ့လာနေပါတယ်။ ဒီထက်မက ဝင်ရောက်လာမယ်လို့လည်း မျှော်လင့်ပါတယ်။

**မေး ။ ။ပြည်ထောင်စုဝန်ကြီး အနေနဲ့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးပါ။**

**ပြည်ထောင်စုဝန်ကြီး ။** ။ လက်ရှိနေပြည်တော်မှာ ဒီဇင်ဘာ ၄ ရက်နဲ့ ၅ ရက် နှစ်ရက်တာ ကျင်းပတဲ့ အစည်းအဝေးမျိုးကို နှစ်စဉ်လုပ်နိုင်အောင် ကြိုးပမ်းသွားမှာပါ။ ဒါပေမယ့် ဒါကနိုင်ငံ့ပတ်ဝန်းကျင် အခြေအနေနဲ့လည်း ဆိုင်ပါတယ်။ ဒီနှစ်ဆိုရင် စိတ်ဝင်စားတဲ့ သူတွေ များပါတယ်။ နောက်နှစ်လည်း လာဖို့ ရှိပါတယ်။ သို့သော် ဒီနှစ်ထဲမှာ ကျွန်တော်တို့ အနေနဲ့က တိုးတက်မှုပြနိုင်ဖို့ အရေးကြီးပါတယ်။ ဒီလို ဆွေးနွေးပွဲတွေ လုပ်ပြီးတဲ့အခါမှာ တိုးတက်မှု မရှိဘူးဆိုရင် စိတ်ဝင်စားမှု နည်းသွားပါမယ်။ ဒီနှစ်မှာ ဆွေးနွေးပွဲပြီးရင် ညှိနှိုင်းလို့ရတာတွေကို ညှိနှိုင်းပါမယ်။ ဒီထက်မကပိုပြီး စိတ်ဝင်စားမှုရှိလာအောင် လုပ်သွားမယ်။ နောင်နှစ် ဒီအချိန်မှာ နောက်ထပ် တစ်ကြိမ်လုပ်ဖို့ ရည်ရွယ်ထားပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ။**

# မိုင်းနားရွှေ့ပြောင်းနေထိုင်သူများစခန်း (KBC)၌ ဒုတိယအကြိမ်မြောက် ကာလတိုသက်မွေးပညာသင်တန်းဆင်းလက်မှတ် ချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

**ပညာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် Myanmar Kindness Foundation တို့ပူးပေါင်း၍ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဒုတိယအကြိမ်မြောက် ကာလတိုသက်မွေးပညာ သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ မိုင်းနားရွှေ့ပြောင်းနေထိုင်သူများ စခန်း(KBC) ၌ ကျင်းပသည်။**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဒုတိယအကြိမ်မြောက် ကာလတိုသက်မွေးပညာ သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

ရှေးဦးစွာ သင်တန်းသား သင်တန်းသူများက “i have a dream” တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

**သင်တန်းဆင်းလက်မှတ်ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မိုင်းနားစခန်းအတွင်းရှိ ကျောင်းပြင်ပရောက် လူငယ်များအတွက် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် သက်မွေးပညာရပ်ဆိုင်ရာ ကာလတိုသင်တန်းများဖြစ်သော House Wiring သင်တန်း၊ Sewing သင်တန်း၊ Hospitality Basic Courses သင်တန်းများကို MHTi– Myanmar Hospitality & Tourism Institute နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (မြစ်ကြီးနား) ရှိ ဆရာ ဆရာမများ ပူးပေါင်း၍ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခဲ့ပါကြောင်း၊ သင်တန်းသို့ မိုင်းနား (KBC) စခန်း၊ ဝိုင်းမော်မြို့၊ ပူတာအိုမြို့၊ မိုးကောင်းမြို့၊ ဖားကန့်မြို့၊ မိုးညှင်းမြို့၊ မန်စီမြို့နှင့် မြစ်ကြီးနားမြို့ အနီးအနားရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ပြီး House Wiring သင်တန်းတွင် တက်ရောက်ပြီးစီးသူ ၃၁ ဦး၊ Sewing သင်တန်းတွင် တက်ရောက်ပြီးစီးသူ ၁၇ ဦးနှင့် Hospitality Basic Cour–ses သင်တန်းတွင် တက်ရောက်ပြီးစီးသူ ၃၅ ဦး၊ စုစုပေါင်း ၈၃ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သွားမည် ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ယူမှုအခွင့်အလမ်းများ တိုးချဲ့နိုင်ရေး ပံ့ပိုးဆောင်ရွက်နေသကဲ့သို့ အရည်အသွေးပြည့်ဝသည့် TVET သင်ကြားသင်ယူ လေ့ကျင့်ရေးစနစ် ဖြစ်ပေါ်လာစေရေးကိုလည်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ IDP စခန်းနှစ်ခုဖြစ်သည့် (မိုင်းနား KBC နှင့် မိုင်းနား RC) စခန်းနှစ်ခုလုံးရှိ လူငယ်များနှင့် တွေ့ဆုံဆွေးနွေးချက်အရ လူငယ်များ တက်ရောက်လိုသည့် စက်ချုပ်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ ကားမောင်းသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ကားပြင်သင်တန်း၊ မိုဘိုင်းဖုန်းပြုပြင်ခြင်းသင်တန်း၊ အလှပြင်သင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ မုန့်ဖုတ်သင်တန်း၊ လျှပ်စစ်သွယ်တန်းခြင်း သင်တန်းများကို ထပ်မံဖွင့်လှစ်နိုင်ရေး ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သက်မွေးပညာသင်တန်းကိုအရည်အချင်းရှိစွာ သင်ယူတတ်မြောက်ပြီးပါက ဒေသအတွင်း၊ နိုင်ငံအတွင်း၌ အလုပ်အကိုင်ကောင်းများရရှိကာ တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိစေပြီး လူနေမှုဘဝ ပိုမိုတိုးတက်ကောင်းမွန်လာစေမည်ဖြစ်ပါကြောင်း၊ သင်ယူတတ်မြောက်ပြီးသည့် သက်မွေးပညာရပ်အပေါ်အခြေခံ၍ ပိုမိုအဆင့်မြင့်သော သက်မွေးပညာရပ်များကို ဆက်လက်သင်ယူနိုင်မည် ဖြစ်ပါကြောင်း၊ ယခုသင်တန်းမှ ကချင်ပြည်နယ်အတွက် ကျွမ်းကျင်လုပ်သားနှင့် အသိပညာရှင် အတတ်ပညာရှင်များရရှိလာစေနိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များလည်း ရရှိလာစေနိုင်မည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လိုအပ်ချက်အခြေပြုသက်မွေးပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြသော အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ပါကြောင်းစသဖြင့် ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် Myanmar Kind–ness Group Foundation မှ ဒေါ်ခင်မာလာ၊ MHTi– Myanmar Hospitality & Tourism Institute မှ ကျောင်းအုပ်ကြီး ဦးအောင်မြစိုးတို့က သင်တန်းသား သင်တန်းသူတို့အား နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းအလိုက် ထူးချွန်ကျောင်းသားကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ရာ သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။

**လက်ဆောင်ပေးအပ်**

ယင်းနောက် Myanmar Kind–ness Group Foundation မှ အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက ရွှေ့ပြောင်းစခန်းများမှ KG နှင့် GRADE(1) ကျောင်းသား ကျောင်းသူများအား ကျောပိုးအိတ်များ လက်ဆောင်ပေးအပ်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား မိုင်းနားရွှေ့ပြောင်းနေထိုင်သူများစခန်း(KBC) တာဝန်ခံ ဦးဇော်လုံးက ကျေးဇူးတင်စကား ပြောကြားသည်။ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက စာတွေ့လက်တွေ့ သင်တန်းခန်းမများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကချင်ပြည်နယ်ရှိ အခြေခံပညာဆရာ ဆရာမများ၊ ပညာရေးမိသားစုများနှင့်တွေ့ဆုံ၍ သင်ကြားသင်ယူရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်ရေး၊ အခက်အခဲများနှင့် လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးတို့ကို ရင်းနှီးစွာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မသန်စွမ်းအထူးပညာရေးကျောင်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

**မသန်စွမ်းအထူးပညာရေးကျောင်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးနှင့် ပုဂ္ဂလိကပညာသင် အထူးကျောင်း/ ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာန တည်ထောင်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို ထပ်မံဖြည့်စွက်ဆွေးနွေးခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၆ ရက် မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**ညှိနှိုင်းရေးဆွဲလျက်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများသည် လူ့အခွင့်အရေးကို အပြည့်အဝခံစားရရှိနိုင်ရန်နှင့် မသန်စွမ်းသူများအား ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်မှုများမှ ကာကွယ်ပေးနိုင်ရန်တို့အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅)၊ နည်းဥပဒေများ (၂၀၁၇)တို့ကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်းကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ အမျိုးသားကော်မတီကို ဖွဲ့စည်းထားရှိပြီး လုပ်ငန်းအဖွဲ့(၉) ဖွဲ့ဖြင့် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းကလေးသူငယ်များ၏ အခွင့်အရေးများကို ဖော်ဆောင်ရာတွင် ကာကွယ်စောင့်ရှောက်မှုပေးရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းထားပြီးဖြစ်ရာ အားလုံးသိရှိလေ့လာထားရန် လိုအပ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက မသန်စွမ်းမှုအမျိုးအစားများအလိုက် မျက်မမြင်ကျောင်းနှစ်ကျောင်း၊ နားမကြားသောကလေးများကျောင်းနှစ်ကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း နှစ်ကျောင်း၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း တစ်ကျောင်းနှင့် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ တစ်ကျောင်းသာ ဖွင့်လှစ်ထားနိုင်ပါကြောင်း၊ ထို့အတွက် မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးကဏ္ဍတွင် လုံလောက်မှုမရှိဘဲ ပုဂ္ဂလိက မသန်စွမ်း အထူးပညာရေးကျောင်းများ၏ ကဏ္ဍသည် အရေးပါလာပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဂေဟာများကို အားပေးပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မသန်စွမ်းဂေဟာ ၁၂ ခုကို နည်းပညာနှင့် ငွေကြေးထောက်ပံ့ပေးလျက်ရှိကြောင်း၊ မသန်စွမ်းသူများ အခွင့်အရေးနည်းဥပဒေ(၂၀၁၇)အရ ဖွင့်လှစ်လိုသည့် ပုဂ္ဂလိကပညာသင် အထူးကျောင်း/ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနနှင့် ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်းကျောင်းများသည် တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားဖွင့်လှစ်ရန်ဖြစ်ကြောင်း၊ ပုဂ္ဂလိက မသန်စွမ်းကျောင်းများအတွက် အမျိုးအစားအလိုက် စံ/စည်းကမ်းသတ်မှတ်ချက်များကို ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့က ညှိနှိုင်းရေးဆွဲလျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးတွင် အဆိုပါကိစ္စများကို ဆွေးနွေးကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

**စံ/ စည်းကမ်းသတ်မှတ်ချက်များ**

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပုဂ္ဂလိက မသန်စွမ်းကျောင်းများအတွက် အမျိုးအစားအလိုက် စံ/စည်းကမ်းသတ်မှတ်ချက်များကို ထပ်မံဖြည့်စွက်ရန် လိုအပ်သည့် အချက်(မူကြမ်း)များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော မြန်မာနိုင်ငံအထူးပညာရေးအသင်း၊ မြန်မာအော်တစ်ဇင်အသင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အဖွဲ့ချုပ်တို့၏ တာဝန်ရှိသူများက ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းတွင်းမြစ်ကြောင်းအတွက် ကျပ်သန်း ၇၀၀ ကျော် သုံးစွဲမည်

**မုံရွာ ဒီဇင်ဘာ ၈**

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် နွေရာသီမြစ်ရေ နည်းပါးချိန်တွင် ရေယာဉ်များ ဖြတ်သန်းသွားလာမှု ကောင်းမွန်စေရေးအတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ် ၇၃၀ သန်းကို အကုန်အကျခံပြီး ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းတွင်းမြစ်ကြောင်း တစ်လျှောက်ရှိ နေရာငါးခုတွင် လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး မော်လိုက်မြို့နယ်အတွင်းရှိ ရိုးလာရေလမ်းကောင်းမွန်ရေးကို ငွေကျပ်သန်း ၁၈၀ ဖြင့်လည်းကောင်း၊ မော်လိုက်ရေလမ်းကောင်းမွန်ရေးကို ငွေကျပ်သန်း ၁၅၀ ဖြင့် လည်းကောင်း၊ မုံရွာမြို့နယ်အတွင်းရှိ အလုံရေလမ်းကောင်းမွန်ရေးကို ငွေကျပ်သန်း ၁၅၀ ဖြင့်လည်းကောင်း၊ မုံရွာရေလမ်းကောင်းမွန်ရေးကို ငွေကျပ်သန်း ၁၅၀ ဖြင့်လည်းကောင်း၊ ပေါင်း၀–အမြင့်ရေလမ်းကောင်းမွန်ရေးကို ငွေကျပ်သန်း ၁၀၀ ဖြင့်လည်းကောင်း အကုန်အကျခံ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၈**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့၊ လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၀ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့၊ ကျောက်မဲမြို့၊ ကျိုင်းတုံမြို့နှင့် ဟားခါးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ မိုင်းဆတ်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် မိုးကုတ်မြို့နှင့် လွိုင်ကော်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲသတင်းများ

## မြန်မာမြားပစ်အဖွဲ့ Recurve ပြိုင်ပွဲမှ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခုရရှိ

**မနီလာ ဒီဇင်ဘာ ၈**
ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ မြားပစ်ပြိုင်ပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းမှ စ၍ ကျင်းပရာ မြန်မာမြားပစ်အဖွဲ့သည် Recurve ပြိုင်ပွဲမှ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာမြားပစ်အဖွဲ့သည် Recurve ပြိုင်ပွဲသုံးမျိုးတွင် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သော်လည်း သုံးပွဲစလုံး အရေးနိမ့်ခဲ့သောကြောင့် ငွေဆုဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ အမျိုးသမီးအသင်းလိုက် Recurve အသင်းလိုက်ပြိုင်ပွဲဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ တွေ့ဆုံခဲ့ပြီး မြန်မာအသင်းသည် ၆-၂ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းတွင် ပြည့်စုံနှင်း၊ သီတာနွယ်နှင့် ယမင်းသူတို့ ပါဝင်ခဲ့ပြီး ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြည့်စုံနှင်း (မြန်မာ) သည် ဗီယက်နမ်ကစားသမားနှင့် ယှဉ်ပြိုင်ပြီး ၆-၄ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဗိုလ်လုပွဲ တက်ရောက်ခဲ့သည့် ထိုက်လင်းဦးမှာလည်း အင်ဒိုနီးရှားကစားသမားကို ၆-၄ မှတ်ဖြင့် အရေးနိမ့်ခဲ့သောကြောင့် ရွှေတံဆိပ်နှင့် လွဲချော်ခဲ့ရသည်။

မြန်မာမြားပစ်အဖွဲ့သည် ပြိုင်ပွဲသုံးခု၏ တတိယနေရာလုပွဲကိုလည်း တက်ရောက်ခဲ့ပြီး တစ်ပွဲသာအနိုင်ရကာ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် သီတာနွယ်က ဗီယက်နမ်ကစားသမားကို ၆-၅ မှတ်ဖြင့် အနိုင်ရကာ ကြေးတံဆိပ်ရခဲ့ပြီး အမျိုးသား+အမျိုးသမီး Mix Team ပြိုင်ပွဲ တတိယနေရာလုပွဲတွင် မလေးရှားအတွဲကို လည်းကောင်း၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် နေလင်းဦးက အင်ဒိုနီးရှားကစားသမားကို လည်းကောင်း ရှုံးနိမ့်ကာ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

မြားပစ်ပြိုင်ပွဲ၏ Compound ပွဲစဉ်များကို ဒီဇင်ဘာ ၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ တတိယနေရာလုပွဲတစ်ပွဲသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



ငွေတံဆိပ်ရရှိခဲ့သည့် ထိုက်လင်းဦး ယှဉ်ပြိုင်နေစဉ်။

ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မနီလာ)

## အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၈-၁၂-၂၀၁၉

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဖိလစ်ပိုင် | ၁၁၁ | ၈၆ | ၈၇ | ၂၈၄ |
| အင်ဒိုနီးရှား | ၆၆ | ၆၃ | ၇၉ | ၂၀၈ |
| ဗီယက်နမ် | ၆၆ | ၅၉ | ၇၈ | ၂၀၃ |
| ထိုင်း | ၅၉ | ၇၅ | ၈၀ | ၂၁၄ |
| စင်ကာပူ | ၄၃ | ၃၄ | ၄၉ | ၁၂၆ |
| မလေးရှား | ၃၉ | ၄၂ | ၅၄ | ၁၃၅ |
| မြန်မာ | ၃ | ၁၆ | ၃၉ | ၅၈ |
| ကမ္ဘောဒီးယား | ၃ | ၆ | ၂၁ | ၃၀ |
| ဘရူနိုင်းဒါရူဆလမ် | ၁ | ၅ | ၆ | ၁၂ |
| လာအို | ၀ | ၅ | ၁၉ | ၂၄ |
| တီမောလက်စ်တေ | ၀ | ၀ | ၁ | ၁ |

## မြန်မာဘော်လီဘောအသင်း ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားကိုရှုံးနိမ့်

**မနီလာ ဒီဇင်ဘာ ၈**
၂၀၁၉ ဆီးဂိမ်းအမျိုးသားဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ နေ့လယ်ပိုင်းကPhilsports Arena ၌ ကျင်းပရာ မြန်မာအသင်းရှုံးပွဲကြုံတွေ့ခဲ့ပြီး အိမ်ရှင်ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားအသင်း ဗိုလ်လုပွဲတက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို သုံးပွဲပြတ် အိမ်ရှင်ဖိလစ်ပိုင်အသင်းက လက်ရှိချန်ပီယံထိုင်းအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အကောင်းဆုံးကြိုးစားသော်လည်း ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တွင်သာ လိုက်လံဖိအားပေးကစားနိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် မြန်မာအသင်းကို ၂၅-၁၉ မှတ်၊ ၂၅-၂၃ မှတ်၊ ၂၅-၁၅ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်ဖိလစ်ပိုင်အသင်းသည် လေးကြိမ်ဆက် ရွှေတံဆိပ်ဆုရှင် ထိုင်းအသင်းကိုအနိုင်ယူကာ နှစ်ပေါင်းများစွာ ဝေးကွာနေသည့် ဗိုလ်လုပွဲသို့ တစ်ကျော့ပြန် တက်ရောက်နိုင်ခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် ၁၇-၂၅ မှတ်၊ ၂၅-၂၀ မှတ် ၂၃-၂၅ မှတ်၊ ၂၇-၂၅ မှတ်၊ ၁၇-၁၅ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပမည့် ဗိုလ်လုပွဲတွင် အိမ်ရှင်ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား၊ တတိယနေရာလုပွဲတွင် မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

● *ကျော်ဖုံးမှ*

ဆီမီးဖိုင်နယ်တွင် နေသွေးဦးက ဗီယက်နမ်ကစားသမား ထရန်လီတူရင်ကို သုံးပွဲပြတ်၊ ပီတာဂေးလ်ခရစ်(စင်ကာပူ) က ယူတာပေါ့(ထိုင်း)ကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ထရန်လီ တူရင်သည် ကွာတားဖိုင်နယ်တွင် နာမည်ကြီး ထိုင်းကစားသမား ပရာပွတ်ကို ကျော်ဖြတ်လာသော်လည်း ဆီမီးဖိုင်နယ်တွင် နေသွေးဦးကို မယှဉ်နိုင်ဘဲ အရေးနိမ့်ခဲ့ရသည်။ နေသွေးဦးသည် ပထမပွဲငယ်တွင် ၁၀၀-၃၄ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၀၁-၂ မှတ်၊ တတိယပွဲငယ်တွင် ၁၀၀-၃ မှတ်ဖြင့် ပြတ်ပြတ်သားသား အနိုင်ရခဲ့ခြင်းဖြစ်သည်။ နေသွေးဦးသည် ယခုပြိုင်ပွဲတွင် ကွာတားဖိုင်နယ်မှ စတင်ကစားခဲ့ရပြီး အင်ဒိုနီးရှားကစားသမား ကို အနိုင်ရကာ ဆီမီးဖိုင်နယ်တက်ရောက်လာခြင်းဖြစ်သည်။ နေသွေးဦးနှင့် ပီတာဂေးလ်ခရစ်တို့၏ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၉ ရက် **(ယနေ့)** မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အမျိုးသားတစ်ဦးချင်း Pool 9 Ball ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ဖုန်းမြင့်ကျော် (ခ) မောင်မောင်မှာလည်း ကွာတားဖိုင်နယ်ပွဲအဖြစ် ဒီဇင်ဘာ ၉ ရက် **(ယနေ့)** နံနက်ပိုင်းတွင် ဗီယက်နမ်ကစားသမားနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မြန်မာပြေးခုန်ပစ်အဖွဲ့ ငွေတစ်ခု၊ ကြေးတစ်ခုဆွတ်ခူး

**မနီလာ ဒီဇင်ဘာ ၈**
ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပနေသည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာပြေးခုန်ပစ်အဖွဲ့သည် ဒီဇင်ဘာ ၈ ရက် ပွဲစဉ်များအပြီးတွင် ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိထားသည်။

မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် ငွေတံဆိပ်ဆုကိုအမျိုးသမီး မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲမှ သန်းသန်းစိုးက ရယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ကစားသမားခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဗီယက်နမ်ကစားသမားက ၅၂ မိနစ် ၅၉ ဒသမ ၄၅ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ သန်းသန်းစိုးက ၅၃ မိနစ် ၂၉ ဒသမ ၈၉ စက္ကန့်ဖြင့် ငွေတံဆိပ်၊ မလေးရှားကစားသမားက ၅၃ မိနစ် ၃၈ ဒသမ ၇၁ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ဇင်မေထက်မှာမူ အဆင့် ၆ နေရာသာရရှိခဲ့သည်။ အမျိုးသားကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် မြန်မာကစားသမား ရဲထက်အောင်က ကြေးတံဆိပ်ရရှိခဲ့သည်။

ပြေးခုန်ပစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ဖားကန့်နှင့်မိုးမိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ဖားကန့်မြို့နယ် အေးမြသာယာကျေးရွာအုပ်စု မနကျေးရွာနေ ရှောက်ဝ့ါ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၉၅ ပြား၊ အဆင့်နိမ့်ဘိန်း ၄ ဂရမ်၊ ဘိန်းဆီခဲ ၁၂ ဂရမ်၊ ဘိန်းစိမ်း ၉၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး အလားတူ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းတောင်ရွာဟောင်း - မော်ဂလိုကျေးရွာ သွားလမ်းတွင် ဝင်းတင့်မောင်းနှင်ပြီး ထွန်းမြင့် လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်စဉ် ဝင်းတင့်က ဆိုင်ကယ်ကို နောက်ပြန်လှည့်မောင်းပြေးရာ ထွန်းမြင့်မှာ ပြုတ်ကျကျန်ခဲ့သဖြင့် ထွန်းမြင့်အား ထိန်းသိမ်းစစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် သစ်ဆိမ့်ကုန်းအုပ်စု ကျောက်မောကျေးရွာ အဝင်လမ်းပေါ်တွင် မျိုးဝင်း မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ပုဗ္ဗသီရိမြို့နယ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၈**
နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်းအုပ်ချုပ်ရေးမှူးရုံး၌ ယနေ့ မွန်းလွဲ ၁ နာရီက ကိုးရွာသပြေကုန်းအုပ်ချုပ်ရေးမှူး ဦးထွန်းလွင်နှင့် ဒေသခံများအား နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်လင်းထက်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကိုရူပ
(နေပြည်တော်)**

## မြန်မာ့ရုပ်မြင်သံကြား

၉-၁၂-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**
- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၉:၁၅ - “ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း”
- ၉:၄၀ - BBC Click
- ၁၀:၃၅ - “ICJ ဆိုင်ရာ ဥပဒေရေးရာ စကားဝိုင်း”
- ၁၂:၅၀ - အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမြင်ကွင်းများ
- ၁၄:၂၀ - ထူးခြားစုံလင်အာရှပစိဖိတ် အစီအစဉ်
- ၁၄:၅၀ - အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမြင်ကွင်းများ
- ၁၅:၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “ယောကျ်ားတံခွန်”(အပိုင်း-၂၁) (ဇာတ်သိမ်း)

**ညပိုင်း**
- ၁၆:၂၅ - ရုပ်ရှင်ရာပြည့် (Promo)
- ၁၇:၃၅ - Yes or No Talk Show
- ၁၈:၂၀ - “မဈွိမအလင်း”(အပိုင်း-၄)
- ၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “ခန်းဆောင်နီအိပ်မက်” (အပိုင်း - ၁၆) (အဘွားလျှို မဟာနန္ဒာဥယျာဉ်တော်သို့ သွားရောက်လည်ပတ်ခြင်း)(၂)
- ၁၉:၅၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြုအစီအစဉ်(Promo)
  - မြကျွန်းညိုညိုတက္ကသိုလ် (သီချင်း)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - ပြည်သူ့အကျိုးပြုမှတ်တိုင်များ “အလင်းတန်းကွန်ရက်များ ဖြန့်ဖြူးပေးနေသော ဓာတ်အားခွဲရုံများဆီသို့”
  - အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲမြင်ကွင်းများ
  - မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုအစီစဉ် “ရုပ်ရှင်ရာပြည့်အသံတိတ်ရုပ်ရှင်ခေတ် တေးဂီတ ဆွေးနွေးခန်းနှင့်မြဂနိုင် ဇာတ်ကားသရုပ်ဖော်” (ပထမပိုင်း)
  - မြန်မာမျိုးဆက်သစ် အစီအစဉ်

# တောင်ငူမြို့တွင် အပြည်ပြည်ဆိုင်ရာတရားရုံး၌ သွားရောက်ဖြေရှင်းသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ထောက်ခံပွဲပြုလုပ်

**တောင်ငူ ဒီဇင်ဘာ ၈**

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး( ICJ ) ၌ တရားစွဲဆိုလျှောက်ထားမှုကို သွားရောက်ဖြေရှင်းသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံပွဲကို ယနေ့နံနက်ပိုင်းက တောင်ငူမြို့ရှိ မိုင်ဒါကွင်း၌ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

အဆိုပါထောက်ခံပွဲသို့ တောင်ငူခရိုင်အတွင်း မြို့နယ်များရှိ ပြည်သူများ၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ပရဟိတအသင်းအဖွဲ့များပါဝင်သည့် လူထုအင်အား တစ်သောင်းကျော် တက်ရောက်ကြပြီး "နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်၏ အကျိုးစီးပွားကာကွယ်ရန်အတွက် ဆောင်ရွက်မှုအား ထောက်ခံပါသည်။ နိုင်ငံတော်၏ အကျိုးစီးပွားကာကွယ်ရေးလုပ်ငန်းစဉ် အောင်မြင်ပါစေ။ မြန်မာ့ဒီမိုကရေစီခရီးစဉ် အောင်ရမည်" စသည့်ကြွေးကြော်သံ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ထောက်ခံခဲ့ကြကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# မြန်မာ-ဂျပန် ဖက်စပ် KBZ MS အထွေထွေအာမခံကုမ္ပဏီလုပ်ငန်းစတင်

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ IKBZ အထွေထွေအာမခံကုမ္ပဏီနှင့် ဂျပန်နိုင်ငံ၊ Mitsui Sumitomo General Insurance (MSIG) ကုမ္ပဏီတို့ ဖက်စပ်ပူးပေါင်းခဲ့သည့် KBZ MS ဖက်စပ်အထွေထွေအာမခံကုမ္ပဏီ၏ လုပ်ငန်းစတင်ခြင်းအထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် ညနေက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာ ဟိုတယ်မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားကို မြန်မာနှင့်ဂျပန် ရိုးရာအစဉ်အလာနှင့်အညီ စုပေါင်းဖွင့်လှစ်ခဲ့ကြပြီး တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ သံအမတ်ကြီး Mr. Ichiro Maruyama၊ ငွေရေးကြေးရေးကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်၊ IKBZ အာမခံကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ဦးညီမြင့်နှင့် MSIG အာမခံကုမ္ပဏီမှ Executive Managing Director Mr. Tamaki Kawate တို့က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။



နိုင်ငံတော်၏ မြန်မာနိုင်ငံအာမခံလုပ်ငန်းကဏ္ဍ လွတ်လပ်ခွင့်ပြုရေး လုပ်ငန်းစဉ်အရ မြန်မာနိုင်ငံတွင် နိုင်ငံခြားအာမခံကုမ္ပဏီနှင့် မြန်မာ့အာမခံကုမ္ပဏီများကို အထွေထွေအာမခံလုပ်ငန်းဖက်စပ် လုပ်ကိုင်ခွင့်ပြုခဲ့ရာ မြန်မာနိုင်ငံမှ IKBZ အထွေထွေအာမခံကုမ္ပဏီနှင့် ဂျပန်နိုင်ငံမှ MSIG အထွေထွေအာမခံကုမ္ပဏီတို့ လုပ်ငန်းစတင်ဆောင်ရွက်ခြင်းဖြစ်သည်။ **မြန်မာ့အလင်း**

## အခြေခံပညာကျောင်းသားအားကစားပွဲတော် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံကျောင်းသားအားကစားပွဲတော် ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ ပြေးခုန်ပစ်အားကစားကွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်မှ ကျောင်းပေါင်း ၄၃ ကျောင်းပါဝင်ပြီး ပြိုင်ပွဲဝင်အားကစားနည်း ၁၂ နည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

**အာကာစိုး**



❍ *ကျောဖုံးမှ*

ဆီးဂိမ်းပြိုင်ပွဲတွင် ခုနစ်ကြိမ်မြောက် ကြေးတံဆိပ် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ငါးကြိမ်ဆက် ကြေးတံဆိပ်ဆု ရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ထားပြီး ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည့် ဝင်းသိင်္ဂီထွန်းကို အနားပေးကာ ဂျူလိုင်ကျော်ကို အသုံးပြုခဲ့၍ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ အုပ်စုအဖွင့်ပွဲတွင် ဂိုးမရှိသရေကျခဲ့သည့် မြန်မာနှင့် ဖိလစ်ပိုင်အသင်းသည် ပထမပိုင်းတွင်လည်း ဂိုးရရန် ရှန်းကန်ခဲ့ရပြီး အခွင့်အရေးများကိုလည်း အသုံးမချနိုင်သောကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြှင့်လာပြီး မြန်မာအမျိုးသမီးအသင်း၏ လူကျွံဘောဖမ်းကစားရာ မသေသပ်မှုကို ဖိလစ်ပိုင်အသင်းက အသုံးချကာ ကီဇာဒါက ၅၈ မိနစ်တွင် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် မြန်မာအသင်းက ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့ပြီး မိနစ် ၇၀ နောက်ပိုင်းတွင် အခွင့်အရေးများ ပြန်ရခဲ့သည်။ ၇၈ မိနစ်တွင် မြန်မာအသင်း ချေပဂိုး ပြန်ရခဲ့ပြီး တိုက်စစ်မှူး ဂျူလိုင်ကျော်က သွင်းယူခဲ့သည်။ သရေကျပြီး နောက်ပိုင်းတွင် စိတ်ဓာတ်တက်သွားသည့် မြန်မာအသင်းသည် မိနစ် ၈၀ တွင် အနိုင်ဂိုးရခဲ့ပြီး ရီရီဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် တွေ့ဆုံတိုင်း ရှုံးပွဲမရှိသေးသည့် အစဉ်အလာကို ဆက်ထိန်းထားနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ခုနစ်ခုရရှိထားပြီး နောက်ဆုံး ငါးကြိမ်ဆက်တိုက် ကြေးတံဆိပ်ဆုရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ **ညီမြတ်သော်တာ**

# လက်စတာတို့ ဗီလာကို အဝေးကွင်းတွင် ဂိုးပြတ်နိုင်၊ မန်ချက်စတာဒါဘီ မန်ယူတို့အနိုင်ရ

အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ်(၁၆)ကို ဒီဇင်ဘာ ၈ ရက်က ဆက်လက်ကျင်းပရာ အက်စ်တွန်ဗီလာနှင့် လက်စတာ ပွဲတွင် အဝေးကွင်း၌ လက်စတာအသင်း လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်အက်စ်တွန်ဗီလာအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် လက်စတာအသင်းသည် ၄-၁-၂-၁-၂ ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းပွဲချိန် မိနစ် ၂၀တွင် တိုက်စစ်မှူး ဗာဒီက လက်စတာအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၄၁မိနစ်တွင် အီဟီယာနာချိုက လက်စတာအတွက် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ ပထမပိုင်းပြီးခါနီး နာကျင်အချိန်ပိုတွင် အက်စ်တွန်ဗီလာအတွက် တစ်လုံးတည်းသော ချေပဂိုးကို တိုက်စစ်မှူး ဂရေးလစ်ရှ်က သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် လက်စတာအတွက် ထပ်မံအနိုင်ဂိုးများကို ပွဲချိန် ၄၉မိနစ်တွင် အီဗန်စ်နှင့် ၇၅ မိနစ်တွင် ဗာဒီတို့က သွင်းယူခဲ့သည်။ ယင်းပွဲတွင် လက်စတာသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် အကြိမ် ၂၀ ထိ ရရှိကာ ခုနစ်ကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင်အသင်းသည် ၁၅ ကြိမ် ဂိုးကန်သွင်းခွင့်ရရှိခဲ့ပြီး နှစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ယနေ့ပွဲတွင် လက်စတာ



တိုက်စစ်မှူး ဗာဒီသည် အကောင်းဆုံးခြေစွမ်းပြသည့် ကစားသမားဖြစ်ခဲ့ပြီး ယခုနှစ်ရာသီ ပရီမီယာလိဂ် သွင်းဂိုး ၁၆ဂိုး သွင်းယူထားကာ ဂိုးသွင်းအများဆုံးဖြင့် ဦးဆောင်နေသည်။ ပွဲစဉ် ၁၆ အပြီးတွင် လက်စတာအသင်းသည် ရမှတ် ၃၈ မှတ်ဖြင့် ဇယားထိပ် ချန်ပီယံလမ်းကြောင်းပေါ်မှ လီဗာပူးကို ရှစ်မှတ်ကွာခြားမှုဖြင့် ဖိအားပေးနေသည်။

ပရီမီယာလိဂ်ပွဲစဉ်(၁၆) စနေနေ့ည၏ နောက်ဆုံးပွဲစဉ်ဖြစ်သော မန်စီးတီးနှင့် မန်ယူတို့၏ မန်ချက်စတာ ဒါဘီပွဲတွင် **(ယာပုံ)** မန်ယူအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် ပွဲချိန် ၂၃မိနစ်၌ မန်ယူအသင်း၏ ပယ်နယ်တီအခွင့်အရေးကို ရက်ရှ်ဖို့ဒ် က အမှားအယွင်းမရှိ ဦးဆောင်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီး ၂၉ မိနစ်တွင် မာရှယ်လ်က မန်ယူအတွက် ဒုတိယဂိုးကို သွင်းယူပေးခဲ့သည်။ အိမ်ရှင်မန်စီးတီးအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၈၅ မိနစ် တွင် အော့တာမန်ဒီက သွင်းယူပေးခဲ့သည်။ ပရီမီယာလိဂ် ဒါဘီပွဲစဉ်များတွင် ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးဖြစ်သည့် မန်ချက်စတာဒါဘီသည် တန်ပြန်တိုက်စစ်များဖြင့် ပရိသတ်ကို အကောင်းဆုံးဖျော်ဖြေတင်ဆက်ခဲ့သည်။ လက်ရှိ ချန်ပီယံမန်စီးတီးသည် ရမှတ် ၃၂မှတ်ဖြင့် အဆင့် ၃တွင် ရပ်တည်နေပြီး မန်ယူသည် ရမှတ်၂၄ မှတ် ရရှိထားသည်။

ပရီမီယာလိဂ် အခြားပွဲစဉ်ရလဒ်များအဖြစ် နယူးကာဆယ်က အိမ်ကွင်းတွင် ဆောက်သမ်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှက်ဖီးလ်ယူနိုက်တက်က အဝေးကွင်းတွင် နော့ဝှစ်ချ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **သီဟ**

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် စက်ရုံတစ်ရုံမီးလောင်မှုကြောင့် လူ ၄၃ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၈**

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီ၌ စက်ရုံတစ်ရုံမီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၄၃ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း သိရသည်။မီးလောင်မှုအတွင်း ထိခိုက်ဒဏ်ရာပြင်းထန်သူများရှိခဲ့ရာ သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်သေးကြောင်း ရဲတပ်ဖွဲ့က အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

မီးလောင်မှုသည် ဒီဇင်ဘာ ၈ ရက် နံနက်အစောပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူ ၅၀ ထက်မနည်း ကယ်ဆယ်နိုင်ခဲ့ကြောင်း နယူးဒေလီမီးသတ်တပ်ဖွဲ့ လက်ထောက်အရာရှိ ဆွန်နီလ်ချောင်ဒရီက ပြောသည်။လေးထပ်သို့မဟုတ် ငါးထပ်ရှိ အဆောက်အအုံအတွင်း၌ အိပ်ပျော်နေကြသည့် အလုပ်သမားများနှင့် စက်ရုံဝန်ထမ်းများကို ကယ်ဆယ်ခဲ့ကြောင်း သိရသည်။စက်ရုံတွင်လောင်နေသည့် မီးကိုငြိမ်းသတ်ပြီးပြီဖြစ်သော်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။

မီးသတ်သမားများသည် အဆောက်အအုံထဲရှိ လူများကို ကျဉ်းမြောင်းသည့် လမ်းများထဲမှ ကယ်ထုတ်ကာ အနီးအနားရှိ အရေးပေါ်ယာဉ်များပေါ်သို့ ပို့ဆောင်ပေးနေသည့် ပုံရိပ်ကို ဒေသသတင်းချန်နယ်များက ထုတ်လွှင့်ပြသခဲ့သည်။ အဆောက်အအုံထဲတွင် ကျောင်းလွယ်အိတ်များနှင့် ထုပ်ပိုးထားသည့် ပစ္စည်းများဖြင့် ပြည့်နှက်နေကြောင်း၊ သို့ရာတွင် မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းကို မသိရှိရသေးကြောင်း မီးသတ်အာဏာပိုင်များက ပြောသည်။

ယခုအခါမီးလောင်မှုကြောင့် သေဆုံးသူအရေအတွက် ၄၃ ဦးအထိတိုးလာခဲ့ပြီး နောက်ထပ် ၁၆ ဦးကို ဆေးရုံ၌ ပို့ဆောင်ထားရကြောင်း ဒေလီမြောက်ပိုင်းခရိုင် လက်ထောက်ရဲမင်းကြီး မိုနီကာဘာဝက်ဂျ်က ပြောကြားခဲ့သည်။ မီးလောင်မှုဖြစ်ပွားချိန်တွင် အများစုမှာ အိပ်ပျော်နေကြပြီး အသက်ရှူမွန်းကျပ်မှုကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်များ၏ ပြောပြချက်အရ သိရသည်။ **အေအက်ဖ်ပီ**



နယူးဒေလီမြို့ရှိ စက်ရုံအဆောက်အအုံတစ်ခု မီးလောင်နေမှုကို တွေ့ရစဉ်။

# စပိန်၌ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ချီတက်ဆန္ဒပြပွဲအတွင်း ဂရီတာသွန်းဘတ် ပါဝင်လှုပ်ရှား

**ဘာစီလိုနာ ဒီဇင်ဘာ ၈**

ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာတွင် အစိုးရများ ပိုမိုပူးပေါင်းပါဝင်လာစေရေး တောင်းဆိုရန် စပိန်နိုင်ငံ၌ ပြုလုပ်သည့် လူထုချီတက်ဆန္ဒပြပွဲကြီးတွင် ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဆယ်ကျော်သက်မိန်းကလေး ဂရီတာသွန်းဘတ် ပါဝင်ခဲ့ကြောင်း သိရသည်။

COP25 ခေါ် ရာသီဥတုဆိုင်ရာ ကုလသမဂ္ဂညီလာခံကျင်းပလျက်ရှိသည့် မက်ဒရစ်မြို့တွင် ပြုလုပ်ခဲ့သည့် ချီတက်ဆန္ဒပြပွဲအတွင်း ကမ္ဘာတစ်ဝန်းမှ လူငယ်များ၊ ဒေသန္တရ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များနှင့် အခြားတက်ကြွလှုပ်ရှားသူများစွာ ပါဝင်ခဲ့ကြသည်။ ထိုသို့ပါဝင်ခဲ့မှုအတွင်း ဂရီတာသွန်းဘတ်ကို တွေ့ဆုံမေးမြန်းသတင်းရယူလိုသည့် သတင်းသမားအများအပြားကြောင့် ချီတက်ဆန္ဒပြသည့် ခရီးစဉ် ထက်ဝက်ခန့်အရောက်တွင် ချီတက်နေရာမှ ထွက်ခွာခဲ့ရသည်။




ရာသီဥတုအရေး တက်ကြွလှုပ်ရှားရာတွင် ပါဝင်နေသည့် ဂရီတာသွန်းဘတ်။

ဂရီတာ သွန်းဘတ်သည် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် ကမ္ဘာတစ်ဝန်းမှ လူငယ်များကို လှုံ့ဆော်ခဲ့သူဖြစ်သည်။ ရာသီဥတုပြောင်းလဲရေး မျှော်လင့်ချက်သည် COP25 ၏ မူဘောင်အတွင်း၌ ရှိနေခြင်းမဟုတ်၊ မိမိတို့နှင့်အတူ ရှိနေခြင်းဖြစ်ကြောင်း၊ အပြောင်းအလဲကို ဆောင်ကြဉ်းပေးနိုင်မည့် သူသည် မိမိတို့ ကိုယ်တိုင်သာဖြစ်ကြောင်း ၎င်းက တိုက်တွန်းခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ထိုင်းနိုင်ငံရှိ ပြည်နယ်အများအပြားတို့တွင် အနိမ့်ဆုံးလုပ်ခလစာကို တိုးမြှင့်သတ်မှတ်မည်

**ဘန်ကောက် ဒီဇင်ဘာ ၈**

ထိုင်းနိုင်ငံ၏ တိုးတက်မှုကို အထောက်အကူပြုရန်နှင့် စီးပွားရေးကိုမြှင့်တင်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် နိုင်ငံ၏ အနိမ့်ဆုံး နေ့စားလုပ်ခကို ဘတ် ၃၀၈-၃၃၀ မှ ၃၁၃-၃၃၆ အထိတိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာနက ကြေညာခဲ့သည်။

လုပ်ခလစာတိုးမြှင့်မှုကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အသက်ဝင်စေရန် အဆိုပြုမည်ဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံ၏ အမျိုးသားလုပ်အားခ ကော်မတီသည် အလုပ်သမားများ၏ နေထိုင်စရိတ်၊ အလုပ်ရှင်များ၏ ပေးနိုင်စွမ်း၊ ပြည်တွင်းနှင့် ကမ္ဘာ့စီးပွားရေးအခြေနေများအပါအဝင် အကြောင်းအရာများကို ဘက်စုံထောင့်စုံမှ စဉ်းစားသုံးသပ်ပြီးနောက်တွင် လုပ်ခလစာတိုးမြှင့်သတ်မှတ်ရန် ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် စူသီစူကိုဆိုလ်က ပြောကြားခဲ့သည်။

ပြည်နယ်အများအပြားတို့တွင် လုပ်ငန်းကျွမ်းကျင်မှုမရှိသေးသည့် အလုပ်သမားများအနေဖြင့် တစ်ရက်လျှင် ဘတ် ၃၁၅မှ ၃၂၀ ကြား ရရှိမည်ဖြစ်သည်ဟု ၎င်းကပြောသည်။

နေထိုင်စရိတ်မြင့်မားသည့် ဘန်ကောက်၊ချွန်ဘူရီ၊ ဖူးခက်၊ ပရာချင်ဘူရီ၊ ဆမွတ်ပရာခန်နှင့် ဆမွန်ဆခွန် ဒေသများအပါအဝင် ပြည်နယ်အများအပြားတို့တွင် လုပ်အားခခြောက်ဘတ်အထိတိုးမြှင့်သွားမည်ဖြစ်ကာ ကျန်ပြည်နယ်များတွင် လုပ်အားခ ငါးဘတ်စီ တိုးမြှင့်သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် စူသီစူကိုဆိုလ်၏ ပြောကြားချက်အရ သိရသည်။ **ဆင်ဟွာ**

# မြောက်ကိုရီးယားနိုင်ငံက အလွန်အရေးကြီးသည့် စမ်းသပ်မှုတစ်ခုပြုလုပ်ခဲ့

**ပြုံယမ်း ဒီဇင်ဘာ ၈**

မြောက်ကိုရီးယားနိုင်ငံသည် ဆိုဟီးဂြိုဟ်တုစမ်းသပ်ကွင်း၌ ဒီဇင်ဘာ ၇ ရက် ညနေပိုင်းက အလွန်အရေးကြီးသည့် စမ်းသပ်မှုတစ်ခုပြုလုပ်ခဲ့ကြောင်း ကိုရီးယားဗဟို သတင်းအေဂျင်စီက ဒီဇင်ဘာ ၈ ရက်တွင်ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား အမျိုးသားကာကွယ်ရေး သိပ္ပံအကယ်ဒမီက အဆိုပါ အရေးကြီးစမ်းသပ်မှု အောင်မြင်ခဲ့ကြောင်း သိသာထင်ရှားခဲ့သည့် ရလဒ်ကို ကိုရီးယားအလုပ်သမားပါတီ ဗဟိုကော်မတီသို့ အစီရင်ခံခဲ့ကြောင်း သိရသည်။

အဆိုပါစမ်းသပ်မှုသည် လာမည့်အနာဂတ်တွင် မြောက်ကိုရီးယားနိုင်ငံ၏ မဟာဗျူဟာကျသည့် ရပ်တည်ချက်အပြောင်းအလဲအပေါ် အရေးကြီးသည့် သက်ရောက်မှုတစ်ခုရှိလာလိမ့်မည်ဖြစ်ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက အသေးစိတ်အချက်အလက်များ ဖော်ပြခြင်းမရှိဘဲ ဖြည့်စွက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# မက္ကဆီကို၌ သမ္မတအိမ်တော်အနီး သေနတ်ပစ်ခတ်မှုကြောင့် လေးဦးသေဆုံး

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၈**

မက္ကဆီကိုနိုင်ငံ၌ သမ္မတအိမ်တော် အနီးတွင် ဒီဇင်ဘာ ၇ ရက်က သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူလေးဦးထက်မနည်းသေဆုံးပြီး လူအများအပြား ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။

အခင်းဖြစ်ပွားပုံမှာ သေနတ်ကိုင်ဆောင်ထားသည့် အမျိုးသားတစ်ဦးသည် သန့်စင်ခန်းသို့ သွားမည့်ဟန်ပြုကာ သမ္မတအိမ်တော်အနီး အဆောက်အအုံတစ်ခုအတွင်းသို့ ချဉ်းကပ်ဝင်ရောက်လာခဲ့ပြီး အဆောက်အအုံအတွင်း နေထိုင်သူများနှင့် ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထို့နောက်တွင် အဆိုပါ အမျိုးသားသည် ပစ္စတိုသေနတ်ကို ဆွဲထုတ်ကာ အဆောက်အအုံထဲရှိ လူများကို စတင်ပစ်ခတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့မှုကို မီဒီယာများက ဖော်ပြသည်။

သေနတ်ပစ်ခတ်မှုကြောင့် အဆောက်အအုံအတွင်း နေထိုင်သူ သုံးဦးသေဆုံးသွားပြီး သေနတ်သမားမှာလည်း ရဲတပ်ဖွဲ့၏ ပစ်ခတ်ဖမ်းဆီးမှုကြောင့် အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်များက ပြောသည်။



သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ နေရာတွင် စောင့်ကြပ်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးကို တွေ့ရစဉ်။

သမ္မတအိမ်တော်အနီးတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားနေချိန်၌ မက္ကဆီကိုသမ္မတ မန်နျူရယ် လိုပက်ဇ်အော်ဘရာဒါမှာ သမ္မတအိမ်တော်အတွင်း၌ ရှိနေခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# အပန်းဖြေ အနားယူစရာ ပြင်ဦးလွင်မြို့က ဒီဇင်ဘာပန်းဥယျာဉ်

သတင်း - မင်းထက်အောင်(မန်းကိုယ်ပွား)၊ ဓာတ်ပုံ - အောင်ဖြိုးကျော်

သဘာဝပန်းအစစ်များဖြင့် စိုက်ပျိုး ခင်းကျင်းပြင်ဆင်ထားသည့် ပြင်ဦးလွင်မြို့ရှိ ဒီဇင်ဘာခြံ ပန်းဥယျာဉ်သို့ အပန်းဖြေ အနားယူစရာ ခရီးစဉ်တစ်ခုအဖြစ် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ လာရောက်လည်ပတ်မှု ပိုမိုများပြားလာလျက်ရှိသည်။ အဆိုပါ ဒီဇင်ဘာခြံတွင် လာရောက်အပန်းဖြေသူများ စိတ်ကြည်လင်အေးချမ်းမှုရှိစေရန်၊ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထား ထိန်းသိမ်းတတ်စေရန်နှင့် ပြင်ဦးလွင်မြို့တွင် လည်ပတ်စရာ နေရာသစ်တစ်ခု ပေါ်ထွက်လာပြီး အေးချမ်းသာယာ၍ စည်ကားတိုးတက်သောမြို့အဖြစ် ပြသနိုင်ရန် ရည်ရွယ်လျက် ပန်းအလှဆင်ပွဲတော်ကိုလည်း ပထမဆုံးအကြိမ်အဖြစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၂၀ ဇန်နဝါရီ ၁၈ ရက်အထိ တစ်လကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ ဒီဇင်ဘာခြံအတွင်း ပန်းအလှများ ပြင်ဆင်နေသည့် မြင်ကွင်းများကို စုစည်းဖော်ပြလိုက်ပါသည်။




ဒီဇင်ဘာခြံသို့အဝင် မြင်ကွင်းနှင့် အမှတ်တရ ဓာတ်ပုံရိုက်နေသူများ။



လက်ရှိတွင် ဒေသပန်းမျိုးရင်းနှင့် ထိုင်းနိုင်ငံမှတင်သွင်းလာသည့် ပန်းမျိုးစေ့ပေါင်း ၆၀ နှင့်အတူ ပန်းပင်အရေအတွက် လေးသိန်းကျော်ဖြင့် အလှဆင် ခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

အပန်းဖြေသူတွေ စိတ်ကြည်နူးမှုရရှိအောင် ခင်းကျင်းပြင်ဆင်ထားသည့် ပန်းရေတံခွန်၊ ပန်းလှည်းနှင့် အသည်းပုံပန်းပွင့်များကို တီထွင်ဖန်တီးပုံဖော်ပြသထားမှု။






ရှားပါးပန်းမျိုးများ စိုက်ပျိုးထားပြီး စိတ်ကြည်နူးဖွယ် ပန်းမျိုးစုံဖြင့် အလှဆင်ထားသည့် ဒီဇင်ဘာခြံသို့ အပန်းဖြေလာရောက်သူများကို တွေ့ရစဉ်။



သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းသည့်အနေဖြင့် ဒီဇင်ဘာခြံထဲရှိ အဆောက်အအုံများကို သစ်၊ သက်ငယ်၊ ဝါးများနှင့် ဆောက်လုပ်ထားပြီး ခြံထဲရှိ သစ်ပင်များကို ပြုပြင်ထားခြင်းမရှိဘဲ သဘာဝအတိုင်း အပန်းဖြေနိုင်ရန် ဆောင်ရွက်ပေးထားစဉ်။





ရေတံခွန်က စီးဆင်းနေသော ရေပြင်တွင် လှေစီးပြီး အပန်းဖြေသူများကို တွေ့ရစဉ်။

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး)၌ အားကစားလှုပ်ရှားမှုများ ထည့်သွင်းကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၈**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို မကွေးတိုင်းဒေသကြီး မကွေးတက္ကသိုလ်၌ ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှစတင်၍ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပွဲတော်ကျင်းပရာတွင် အားကစားလှုပ်ရှားမှုများကို ထည့်သွင်းကျင်းပမည်ဖြစ်ရာ အပန်းဖြေအားကစားပြိုင်ပွဲများ၊ ယှဉ်ပြိုင်အားကစားပြိုင်ပွဲများ၊ အားကစားသရုပ်ပြပွဲများ ပါဝင်မည်ဖြစ်ရာ မကွေးတက္ကသိုလ်ဘောလုံးလေ့ကျင့်ရေးကွင်း၌ တစ်ဦးချင်းပြိုင်ပွဲများအဖြစ် ခေါင်းအုံးရိုက်(ကျား/မ)၊ ကြွခိုင်စွမ်းရည်ပြိုင်ပွဲ (ကျား/မ)၊ ဘောလုံးဂိုးသွင်း(ကျား/မ)၊ ဘတ်စကက်ဘောဂိုးသွင်းပြိုင်ပွဲ(ကျား/မ)၊ သုံးချောင်းထောက်အပြေးပြိုင်ပွဲ (ကျား/မ)၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ(ကျား/မ)ပြိုင်ပွဲများကို လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများအဖြစ် လွန်ဆွဲ (ကျား/မ)၊ ထုပ်ဆီးတိုး(မ)ပြိုင်ပွဲများကို လည်းကောင်း၊ တက္ကသိုလ်ပေါင်းစုံပြိုင်ပွဲအဖြစ် မကွေးတက္ကသိုလ်အားကစားခန်းမ၌ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများကို လည်းကောင်း၊ သရုပ်ပြမည့်အားကစားနည်းများကို မကွေးတက္ကသိုလ်အားကစားခန်းမ၌ ဝူရှူး၊ မြန်မာ့သိုင်း၊ Myanmar Fitness Dance စသည့်အားကစားနည်းများကို လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆုကြေးငွေများအဖြစ် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲများတွင် ပထမဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်း၊ တတိယဆုငွေကျပ်နှစ်သိန်း၊ စတုတ္ထဆုငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ကြွခိုင်စွမ်းရည်ပြိုင်ပွဲ၊ သုံးချောင်းထောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ဘတ်စကက်ဘောဂိုးသွင်းပြိုင်ပွဲများတွင် ပထမဆုငွေကျပ် ၁၅၀၀၀၊ ဒုတိယဆုငွေကျပ် ၁၀၀၀၀၊ တတိယဆုငွေကျပ် ၅၀၀၀ ကို လည်းကောင်း ချီးမြှင့်မည်ဖြစ်ပြီး အားကစားဆိုင်ရာဓာတ်ပုံပြပွဲများကို လူထုအားကစားလှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများ၊ ပြည်တွင်းရှိအားကစားကွင်းရုံများ၏ မှတ်တမ်းဓာတ်ပုံများ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ အမျိုးသားအားကစားပြိုင်ပွဲများ ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများအပါအဝင် ပြည်တွင်းအားကစားပြိုင်ပွဲများ ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်အောင်မြင်မှုရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ၏ မှတ်တမ်းဓာတ်ပုံများ၊ အားကစားနှင့်ကာယပညာ(သိပ္ပံ)များ၏ သင်ကြားလေ့ကျင့်မှု မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းပြသထားမည်ဖြစ်သည်။

သို့ဖြစ်၍ အသင်းလိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူများ အနေဖြင့် ဒီဇင်ဘာ ၁၂ ရက် နောက်ဆုံးထား စာရင်းပေးသွင်းရန်နှင့် တစ်ဦးချင်းပြိုင်ပွဲများကို နေ့စဉ်နံနက် ၉ နာရီနှင့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်၍ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ပြိုင်ပွဲမစတင်မီ ၁၅ မိနစ်အလို ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် မည်သူမဆိုပါဝင်ယှဉ်ပြိုင်ဆင်နွှဲနိုင်ပြီး လာရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်း၊ ယှဉ်ပြိုင်လိုသည့်သူများ ဆက်သွယ်ရန်ဖုန်းနံပါတ် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသက် ၀၉-၅၃၄၂၀၂၄၊ ဒေါ်စန်းမြင့်အေး ဦးစီးအရာရှိ ၀၉-၄၀၁၅၃၅၈၃၄ တို့ထံသို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၆ရက်က နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**စိစစ်အတည်ပြု**

ရှေးဦးစွာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ၂၀၁၅ ခုနှစ်မှစတင်၍ ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားဟူ၍ အမျိုးအစားလေးမျိုး ခွဲခြားသတ်မှတ်ကာ လျှောက်လွှာများ လက်ခံဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ကနဦးလျှောက်ထားခြင်းကို မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာသံရုံးများ၌လည်း လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း၊ စတင်ဆောင်ရွက်ချိန်မှ ယခုအထိ နိုင်ငံခြားသား ၆၃၈ ဦး အမြဲနေထိုင်ခွင့် လျှောက်ထားရာ ၅၉၁ ဦးအား အမြဲနေထိုင်ခွင့် ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ လျှောက်ထားသူများအား နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အမှတ်ပေးစည်းမျဉ်းများအရ စိစစ်ခွင့်ပြုပေးလျက်ရှိရာ ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီမှ စိစစ်တင်ပြလာသူများအား ဗဟိုကော်မတီအဖွဲ့ဝင်များက ထပ်မံစိစစ် အတည်ပြုဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်းနှင့် ဗဟိုကော်မတီမှ စိစစ်သုံးသပ်အတည်ပြု ဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုနိုင်ရေးအတွက် လုပ်ငန်းကော်မတီမှ အတည်ပြုတင်ပြသည့် လျှောက်ထားသူ တစ်ဦးချင်းအား သုံးသပ်ချက်များဖြင့် ဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယခုအစည်းအဝေးတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ထပ်မံလျှောက်ထားသူများအနက် လုပ်ငန်းကော်မတီမှ ပဏာမစိစစ်ပြီးသည့် ရင်းနှီးမြှုပ်နှံသူနိုင်ငံခြားသားတစ်ဦး၊ မြန်မာနိုင်ငံသားဟောင်း ၁၁ ဦး၊ သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားငါးဦး၊ ယင်းတို့နှင့်တွဲ၍ လျှောက်ထားသည့် မိသားစုဝင်ငါးဦး စုစုပေါင်း ၂၂ ဦးအား ဗဟိုကော်မတီမှ စိစစ်အတည်ပြုဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါနိုင်ငံခြားသား ၂၂ ဦးအား လူတွေ့အကဲဖြတ်စစ်ဆေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# နမ္မတူမြို့နယ် မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်

**နမ္မတူ ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် မြို့မဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကို ဒီဇင်ဘာ ၇ ရက်က ပြုလုပ်သည်။ မီးငြိမ်းသတ်မှုလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများဖြင့်ရေဖျန်းပက်ခြင်း၊ မီးသတ်ဆေးဘူးများဖြင့် ငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြခဲ့ပြီး သရုပ်ပြလေ့ကျင့်မှုကို ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ဈေးသူဈေးသားများ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၈-၁၂-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၈၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၁၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၈၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၁၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၄၅ | ကျပ် | ၉၅၅/၉၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၆၀ | ကျပ် | ၉၇၀/၉၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၇၅ | ကျပ် | ၉၂၀/၉၃၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၃၀/၉၇၀ | ကျပ် | ၁၀၂၅/၁၀၂၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၀၁ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၇ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၀၄ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၇၀ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၈၂ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၈ . ၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ . ၄၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၀၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၁ . ၀၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၄၈၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၂၀၉၆ | ၂၄၁၀၄၀၀၀ |
| MTSH | ၃၉၀၀ | ၃၉၀၀ | ၇၁၄ | ၂၇၈၄၆၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၅ | ၄၁၅၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၅၅၀ | ၁၂၆၅၀၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၄၈ | ၁၃၉၂၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊တင်လင်းအောင် |
| အငယ်တန်း သတင်းထောက်များ | - | တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကျင့်ပျက်ခြစားမှုများ ပပျောက်ရေး ဝိုင်းဝန်းလက်တွဲဆောင်ရွက်ပေး

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

"အရှင်ဘုရား အကျွန်ုပ် အိပ်ပျော်နေစဉ် မြင်မက်သော အိပ်မက်တစ်ခုမှာ မျက်နှာနှစ်ခုပါသော မြင်းတစ်ကောင်ကို မြင်မက်ပါသည်။ ထိုမြင်းသည် နံဘေးနှစ်ဖက်မှ ပေးလာသော မုယော၊ နှမ်း စသည့် မြင်းစာများကို ခံတွင်းနှစ်ပေါက်ဖြင့် စားလေသည်။ ထိုအိပ်မက်၏ ကောင်းကျိုးဆိုးပြစ် အနက်အဓိပ္ပာယ်ကို ဖွင့်လှစ်ဟောကြားပေးတော်မူပါ ဘုရား။" (ကောသလမင်းကြီး)

ကောသလမင်းကြီးရဲ့ အိပ်မက် ၁၆ ခုထဲက အထက်ပါ ငါးခုမြောက် အိပ်မက်ကို မြတ်ဘုရားရှင်က အောက်ပါအတိုင်း ဖြေဆိုတော်မူပါတယ်။

"မင်းကြီး- ထိုအိပ်မက်၏ ကောင်းကျိုးဆိုးပြစ်မှာ နောင်တစ်ချိန် တရားမဲ့သောမင်းတို့၏လက်ထက်တွင် ဖြစ်ပေါ်လိမ့်မည်။ ထိုအချိန်တွင် မင်းစသော အုပ်ချုပ်သူတို့သည် လျှပ်ပေါ်လေ်လီကာ ကောင်းမှု မကောင်းမှုတို့ကို ခွဲခြားမသိတတ်သော၊ အကြောင်းအကျိုး အကောင်းအဆိုးတို့ကို မမြော်မြင်တတ်သော လူမိုက်တို့ကို တရားသူကြီး ခန့်ကြလိမ့်မည်။ ဦးခေါင်းနှစ်လုံး၊ ခံတွင်းနှစ်ပေါက်ပါသော မြင်းသည် ခံတွင်းနှစ်ပေါက်ဖြင့် မုယော၊ နှမ်း စသည်တို့ကို စားသောက်သကဲ့သို့ ထို လူမိုက်တရားသူကြီးတို့သည်လည်း တရားလို၊ တရားခံ နှစ်ဖက်လုံးမှ ပေးလာသော လာဘ်၊ လက်ဆောင်ပစ္စည်းများကိုယူကာ တရားစီရင်ကြလိမ့်မည်။"

**"ခံတွင်းနှစ်ခွ၊ မြင်းလှရာဇာ**
**ကျွေးမွေးသမျှ၊ မဝနိုင်ပါ။**
**မှူးမတ်မင်းစိုး၊ လာဘ်ထိုးသူရှာ**
**နှစ်ဖက်စား၊ တရားစီရင်မှာ။"**

(အတွေးအမြင် ၂၇၉)

**မြန်မာမင်းများလက်ထက် အဂတိလိုက်စားမှု**

မြန်မာနိုင်ငံမှာ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက အဂတိလိုက်စား အကျင့်ပျက်မှုများ ရှိခဲ့ရာ အလောင်းမင်းတရား လက်ထက်တော်က နှိမ်နင်းခဲ့ပုံကို အောက်ပါအတိုင်း တွေ့ရပါတယ်။

ကုန်းဘောင်ခေတ်ကို ထူထောင်ခဲ့တဲ့ ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားဟာ နယ်မြေဒေသအလိုက် အုပ်ချုပ်ရေးတာဝန်များကို ခွဲဝေပေးထားပါတယ်။ ဒေသတစ်ခုမှာ သူခိုး၊ ဓားပြကြောင့် ဥစ္စာဆုံးရှုံးပါက ထိုဒေသကို အုပ်ချုပ်ရတဲ့ အကြီးအကဲ၊ သူကြီးဖြစ်သူက ဆုံးရှုံးတဲ့ ပမာဏကို စိုက်လျော်ရပါတယ်။ ရွာနှစ်ရွာကြားမှာ ဖြစ်ပွားရင် အနီးဆုံးသူကြီးက ပေးလျော်ရပါတယ်။ ဒီလိုလုပ်ပေးခြင်းဖြင့် မင်းမှုထမ်းတို့ဟာ မိမိရဲ့တာဝန်ကို အမြဲ ဂရုစိုက်လာကြရပါတယ်။ ဆက်လက်ပြီး အုပ်ချုပ်ရေးယန္တရားလည်း စနစ်တကျ လည်ပတ်လာတာကို တွေ့ရပါတယ်။ ခိုးဆိုးတိုက်ခိုက်မှုများ မဖြစ်ပေါ်အောင် ကြိုးစား ကာကွယ်လာကြတာ တွေ့ရပါတယ်။ အထက်အမိန့်များကို တိကျစွာ လိုက်နာကြပြီး လာဘ်လာဘပေးမှုများလည်း ကင်းစင်လာပါတယ်။ ဖုံးဖိ မျက်နှာလိုက်မှုများလည်း ကင်းစင်သွားကြပါတယ်။

**ဇာတ်နိပါတ်များထဲမှ အဂတိလိုက်စားမှု**

ဇာတ်နိပါတ်တို့မှာလည်း အလားတူအကြောင်းများ ရှိခဲ့ပါတယ်။ ဇာတ်တော်တစ်ခုမှာ သမ္ဘာကရာဇာအမည်ရှိ ဘုရင်ကြီးဟာ မင်းကျင့်တရားများနဲ့အညီ အုပ်ချုပ်တယ်၊ တရားမျှတတယ်၊ မေတ္တာထားတယ်၊ ပြည်သူချစ်တဲ့ မင်းတစ်ပါးဖြစ်ပါတယ်။ ဘုရင်ကြီးက ပြည်သူတို့ရဲ့ ဘဝအမှန်နဲ့ စိတ်နေစိတ်ထားကို သိလိုပါတယ်။ မှူးမတ်တွေကလည်း အရှင်မင်းကြီး၏ ဘုန်းတန်ခိုးတော်ကြောင့် ပြည်သူအများ တစ်နေ့တခြား စီးပွားဖွံ့ဖြိုးပြီး တရားဥပဒေလမ်းကြောင်းသည်လည်း မတိမ်းမစောင်း ဖြောင့်မတ်စွာရှိနေ၏လို့ လျှောက်တင်ကြပါတယ်။

ဘုရင်ကြီးကိုယ်တော်တိုင် လသာသောညတစ်ညမှာ နိုင်ငံတော်အတွင်း တိတ်တဆိတ် စနည်းနာ ထွက်ခဲ့ပါတယ်။ ရွာတစ်ရွာရဲ့ ကွပ်ပျစ်တစ်ခုမှာ လူငယ်တစ်စု ဝိုင်းဖွဲ့ စကားပြောနေကြပါတယ်။ ဗေဒင်ပညာရှင် ပုဏ္ဏားငယ်တစ်ဦးက "တို့ဘုရင်ဟာ အန္တရာယ်တစ်ခုခု ကြုံနိုင်တယ်၊ သို့သော် ခဏသာဖြစ်မယ်"လို့ ဟောနေပါတယ်။

နောက်တစ်ရွာကိုအသွား လမ်းခုလတ်မှာ လက်နက်များကိုင်ဆောင်လာတဲ့ ဓားပြတစ်စုနဲ့ တွေ့ပါတယ်။ ဓားပြများက ပါလာတာပေးဖို့ ပြောတဲ့အခါ ဘုရင်ကြီးက မိမိမှာပါလာတဲ့ အသပြာကို ထုတ်ပေးလိုက်ရပါတယ်။ ဓားပြတွေက "ကဲ-ပြန်တော့၊ ဒါပေမယ့် အထက်ကိုတော့ မတိုင်ရဘူး၊ ဒီနယ်ကိုအုပ်ချုပ်တဲ့ နယ်စားကို တို့ ဝေစုပေးထားပြီးသား"လို့ ပြောပါတယ်။

ဘုရင်မင်းကြီး နန်းတော်ကိုပြန်ရောက်တော့ ဗေဒင်ဆရာများနဲ့ အမတ်ကြီးများကိုခေါ်ပြီး အကြောင်းစုံကို ရှင်းပြပါတယ်။ နန်းတော်က ဗေဒင်ပညာရှင်ကြီးများ၊ အမတ်ကြီးများထဲက မင်းမြှောင်များနဲ့ အမှန်တရားကို ဖုံးကွယ်လိမ်ညာပြောတတ်သူများကို အပြစ်ပေးပါတယ်။ ရွာမှာတွေ့ခဲ့တဲ့ ပုဏ္ဏားငယ်ကို အမတ်ကြီးရာထူး ခန့်အပ်ပါတယ်။ "Political will and political commitment" လို့ခေါ်တဲ့ အဓိကတာဝန်ရှိသူ အကြီးအကဲများကိုယ်တိုင်က စိတ်ပါဝင်စားစွာနဲ့ တကက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ဖို့ လိုတဲ့အကြောင်း တွေ့နိုင်ပါတယ်။




**အကျင့်ပျက် လာဘ်စားခြင်း**

"ရောမအင်ပါယာကြီး ပျက်စီးရခြင်းသည် ရောမသားတို့ စစ်ရှုံး၍လည်းမဟုတ်၊ သဘာဝဘေးဒုက္ခများကြောင့်လည်း မဟုတ်၊ ရောဂါဘယများ နှိပ်စက်၍လည်းမဟုတ်၊ ရောမသားတို့ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တများ ပျက်စီးခြင်းကြောင့်သာဖြစ်သည်။" Titus(တိုင်းတပ်စ်)

(အကျင့်ပျက် လာဘ်စားခြင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ဂုဏ်သိက္ခာကို ရစရာမရှိအောင် ပြိုလဲပျက်စီးစေကာ အရာရာတွင် အောက်တန်းနောက်တန်းကျနေစေရန် လုပ်ဆောင်မည့် အကျင့်ဆိုးဖြစ်သည်)။

**နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် အဂတိ**

လာဘ်ပေးခြင်း၊ လာဘ်ယူခြင်းတို့ဟာ နိုင်ငံအတွက် နာတာရှည်ရောဂါကြီးတစ်ခုအသွင်နဲ့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများနဲ့ ဝန်ထမ်းများရဲ့ စိတ်ဓာတ်၊ အကျင့်စာရိတ္တတို့ကို ထိခိုက်ပျက်စီးစေတာ ဖြစ်ပါတယ်။ အတွင်းလှိုက်စားနေတဲ့ အနာကြီးတစ်ခုလို လူကြောင့်ဖြစ်ရတဲ့ ဘေးဒုက္ခတစ်ခုလည်း ဖြစ်နေပြီး တစ်နိုင်ငံလုံးကို ထိခိုက်စေနိုင်တာ တွေ့နိုင်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည်တို့အပြင် နိုင်ငံသားတစ်ဦးချင်းစီကစပြီး တစ်နိုင်ငံလုံးရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း တိုးတက်ရေးအတွက် ကြီးမားတဲ့ အဟန့်အတားကြီး ဖြစ်နေပါတယ်။ လာဘ်ပေးလာဘ်ယူခြင်းဟာ ဒီမိုကရေစီအင်စတီကျူးရှင်းများရဲ့ ရေတိုရေရှည် စွမ်းရည်များကို အင်အားချည့်နဲ့စေပါတယ်။

အကျင့်ပျက် ခြစားမှုများဟာ ကမ္ဘာ့နိုင်ငံအများစု အထူးသဖြင့် မဖွံ့ဖြိုးသေးတဲ့ နိုင်ငံများကို ဆင်းရဲတွင်းထဲ နက်ရှိုင်းစွာ တွန်းပို့ပါတယ်။ အကျင့်ပျက်မှု၊ လာဘ်စားမှုများဟာ နိုင်ငံအသီးသီးရဲ့ အရေးအရာတွေနဲ့ ဆက်နွယ်တဲ့ အပေါ်ပိုင်း တာဝန်ရှိသူများကြောင့် ဖြစ်နေတတ်သလို အောက်ပိုင်းမှာရှိတဲ့ တာဝန်ရှိသူများနဲ့လည်း ဆက်စပ်နေတတ်ပါတယ်။ ဒါကြောင့် အပေါ်ကလည်းဝါး၊ အောက်ကလည်း စား၊ အပေါ်မှာလည်းဖြစ်၊ အောက်မှာလည်းဖြစ် ဆိုသလို လာဘ်ပေး လာဘ်ယူမှုတွေဟာ နေရာအနှံ့ ဖြစ်နေလေ့ရှိပါတယ်။

လုပ်ပိုင်ခွင့်ရှိသူတွေဟာ ကိုယ့်ခွင်ထဲရောက်လာတာနဲ့ အများပြည်သူအပေါ် အကြောင်းအမျိုးမျိုးပြပြီး ကိုယ်ကျိုးရှာကြပါတယ်။ အချိန်ဆွဲတာ၊ လိုအပ်ချက်တွေ အကြောင်းပြကာ အလုပ်ကိစ္စ မပြီးမြောက်စေခြင်းများစွာဖြင့် ပြည်သူများအပေါ် အနိုင်ကျင့်ကြပါတယ်။ "ရေလောင်းလိုက်မှ မိမိကိစ္စ အဆင်ပြေရတယ်"လို့ ပြည်သူများက ပြောကြပါတယ်။ ဒါဟာ ဝန်ထမ်းတွေရဲ့ ကိုယ်ကျင့်သိက္ခာကို များစွာ ထိခိုက်စေသလို အစိုးရ ဌာနဆိုင်ရာများအပေါ် အများပြည်သူတို့ရဲ့ ယုံကြည်မှုနဲ့ အလေးထားမှုကိုလည်း ကျဆင်းစေပါတယ်။

အဂတိလိုက်စားမှုများနဲ့ ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့(Transparency International)က သုံးမျိုး ခွဲခြားပြထားပါတယ်။ ပထမအမျိုးက အပေါ်ပိုင်းအရာရှိများ ကျူးလွန်မှုဖြစ်ပါတယ်။ ဒါကို White collar Crime ဆိုတဲ့ ကော်လံဖြူအရာရှိများ ကျူးလွန်တဲ့ ပြစ်မှုများမှာလည်း တွေ့ရပါတယ်။ ဒုတိယက အလယ်လွှာနဲ့ အောက်ခြေက အကျင့်ပျက်ကြတာ ဖြစ်ပါတယ်။ တတိယကတော့ နိုင်ငံစီမံရေးရာများမှာ အကျင့်ပျက်ကြတဲ့ (Political Corruption) ဖြစ်ပါတယ်။ ဒီအထဲမှာ ဆရာမွေး၊ တပည့်မွေး၊ အကျင့်ပျက် ကိုယ်ကျိုးရှာမှုတွေလည်း ပါဝင်ပါတယ်။ ဒီလို အကျင့်ပျက် အဂတိလိုက် စားမှုများကို ကမ္ဘာတစ်ဝန်းမှာ တိုက်ဖျက်နေကြပါတယ်။

**မြန်မာနိုင်ငံနှင့် ကမ္ဘာ့အဖွဲ့အစည်းများ**

မြန်မာနိုင်ငံဟာ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းမှာ ၁၃၇ နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် ၂၀၁၂ နိုဝင်ဘာ ၂၀ ရက်က ဝင်ရောက်ထားခဲ့ပြီးဖြစ်ပါတယ်။ ကွန်ဗင်းရှင်းကချမှတ်ထားတဲ့ အချက်များ၊ လိုက်နာကျင့်သုံးရမယ့် ကျင့်ဝတ်များကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ အလားတူ Extractive Industries Transparency Initiative(EITI) အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ပြီး ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၂ ဒီဇင်ဘာလမှာ လက်မှတ်ရေးထိုးထားခဲ့ပါတယ်။ အရှေ့တောင်အာရှနိုင်ငံများရဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့(SEA-PAC)မှာလည်း ၁၀ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်ပါတယ်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်**

ပြည်တွင်းဆောင်ရွက်ချက်အနေနဲ့တော့ ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်မှာ ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ်(၂၃/၂၀၁၃)နဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေပါ တာဝန်များကို အကောင်အထည်ဖော်ဖို့ "အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်"ကိုလည်း ၂၀၁၄ ခုနှစ် မတ်လမှာ ဖွဲ့စည်းခဲ့ပြီး လက်ရှိအချိန်မှာ ထိရောက်စွာ ဆောင်ရွက်နေတာကို တွေ့နိုင်ပါတယ်။

၂၀၁၇ ခုနှစ် ဇူလိုင် ၁၂ ရက်က နေပြည်တော်မှာ ကျင်းပခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာစီမံချက်(CSR) ထုတ်ပြန်တဲ့ အခမ်းအနားမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က **"စိန်ခေါ်မှုတွေအနက် အဓိကအကျဆုံးကတော့ အဂတိလိုက်စားမှုပဲဖြစ်တယ်၊ အဂတိလိုက်စားမှုဟာ တိုင်းတာရခက်သလို သတိပြုမိဖို့လည်း ခက်ပါတယ်။ ဒီကိစ္စဟာ ပြဿနာတစ်ခုအဖြစ် တည်ရှိနေသေးတာ ယုံမှားသံသယ မရှိနိုင်ပါဘူး။ အဂတိလိုက်စားမှုဟာ အယုံအကြည်ရှိမှု၊ ကောင်းမွန်တဲ့အုပ်ချုပ်မှုနဲ့ ပြည်သူ့ဝန်ထမ်း ယန္တရားကြီးတစ်ခုလုံးရဲ့ ဂုဏ်ရှိမှုတို့ကို တိုက်စားဖျက်ဆီးပါတယ်"**လို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အလေးထားပြီး ပြောကြားခဲ့ပါတယ်။

**အဂတိလိုက်စားမှုပြ အညွှန်းကိန်း(CPI)**

Transparency International အဖွဲ့ကြီးဟာ နှစ်စဉ် Corruption Perception Index (CPI)ခေါ် အဂတိလိုက်စားမှုပြ အညွှန်းကိန်းကို ထုတ်ပြန်ပါတယ်။ ၁၉၉၅ ခုနှစ်ကစပြီး အဆိုပါ အညွှန်းကိန်းကို ထုတ်ပြန်ခဲ့ရာမှာ ၂၀၁၂ ခုနှစ်မှာတော့ ပိုမိုတိကျတဲ့နည်းစနစ်များကိုသုံးပြီး လေ့လာခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်မှာ လေ့လာမှုပေါင်း ၁၃ ခုကို နိုင်ငံပေါင်း ၁၈၀ မှာ ဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။ အများပြည်သူနဲ့ သက်ဆိုင်တဲ့ နေရာများက လာဘ်စားမှုများကို ကျွမ်းကျင်သူများ၊ စီးပွားရေး ပညာရှင်များက လေ့လာအမှတ်ပေးကြပါတယ်။ အမှတ်စကေး သုညမှ ၁၀၀ အထိ ပေးရာမှာ သုညသည် အလွန်အမင်းလာဘ်စား(Highly corrupt)နဲ့ ၁၀၀ ဟာ အလွန်သန့်ရှင်း(Very clean)လို့ သတ်မှတ်ပါတယ်။

**မြန်မာနိုင်ငံနှင့် အဂတိလိုက်စားမှု**

၂၀၁၅ ခုနှစ်မှာ နိုင်ငံပေါင်း ၁၆၈ နိုင်ငံရဲ့ နိုင်ငံအလိုက် ရရှိတဲ့ အမှတ်များကို ထုတ်ပြန်ခဲ့ပါတယ်။ ဒိန်းမတ်နိုင်ငံဟာ အကျင့်ပျက် ခြစားမှု အနည်းဆုံးနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံက အဆင့် ၁၄၇ မှာ ရှိခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ နိုင်ငံပေါင်း ၁၈၀ မှာ ဒိန်းမတ်နိုင်ငံကပဲ နံပါတ်(၁)ဖြစ်ပြီး မြန်မာနိုင်ငံက အဆင့် ၁၃၂ ဖြစ်လာခဲ့ပါတယ်။ လာအို၊ ကာဇက်စတန်၊ ဘိုလီးဗီးယား၊ တိုဂို၊ ဟွန်ဒူးရပ်စ်၊ ပါရာဂွေး နိုင်ငံတို့နဲ့ အဆင့်တူဖြစ်ပါတယ်။ အမှတ်အနေနဲ့ဆိုရင် မြန်မာနိုင်ငံဟာ အမှတ် ၁၀၀ မှာ ၂၀၁၅ ခုနှစ်က ရမှတ် ၂၂ မှတ်၊ ၂၀၁၆ ခုနှစ်မှာ ၂၈ မှတ်၊ ၂၀၁၇ ခုနှစ်မှာ ၃၀ မှတ်နဲ့ ၂၀၁၈ ခုနှစ်မှာ ၂၉ မှတ်ရကြောင်း တွေ့ရပါတယ်။

နံပါတ်အနည်းချည်းသာ ရနေပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးမှာ တိုးတက်မှုမတွေ့ရတဲ့ နိုင်ငံတွေမှာ ဒီမိုကရေစီစနစ်နဲ့ နိုင်ငံတည်ဆောက်မှုဆိုင်ရာ အခက်အခဲပြဿနာ(Crisis in Democracy)များစွာ ကြုံနေရမှာဖြစ်ပြီး အထူးကြိုးစားအားထုတ်ဖို့ လိုနေကြောင်း သိထားရမယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ယေဘုယျအားဖြင့် အဆင့်တက်လာနေတယ်လို့ ဆိုနိုင်ပေမယ့် အားရဖွယ် အခြေအနေကိုရောက်ဖို့ ကြိုးစားကြရပါဦးမယ်။

**ဒီမိုကရေစီနှင့် အဂတိတိုက်ဖျက်ရေး**

"အကျင့်ပျက်ခြစားမှုဟာ ဒီမိုကရေစီတည်ဆောက်ရေး လုပ်ငန်းများမှာ အခက်အခဲတွေ့နေရတဲ့ နိုင်ငံတွေကို ပိုပြီး အခြေအနေဆိုးစေပါတယ်။ ဒါကို နိုင်ငံရေးသမားများ၊ အရာရှိများနဲ့ အပေါင်းပါများက သူတို့ကိုယ်ကျိုးအတွက် အမြတ်ထုတ်နေကြတာ တွေ့ရပါတယ်။ ဒါတွေကို ညီညာစွာ တိုက်ဖျက်ရပါမယ်"လို့ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ရဲ့ ဥက္ကဋ္ဌ ဒီလီယာ ဖာရဲယား ရူဘီယိုက ဆိုပါတယ်။

နှစ်စဉ် ဒီဇင်ဘာ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အဖြစ် ၂၀၀၄ ခုနှစ်က စတင်သတ်မှတ် ကျင်းပလာခဲ့ပါတယ်။ နိုင်ငံအသီးသီး အနေနဲ့ မိမိတို့တိုင်းပြည်မှာသာမက တစ်ကမ္ဘာလုံးမှာပါ အကျင့်ပျက် ခြစားမှု၊ အဂတိလိုက်စားမှုများ ပပျောက်အောင် သတိရှိရှိ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်ခြင်း၊ စည်းရုံးဟောပြောခြင်း၊ နှီးနှောဖလှယ်ခြင်း၊ ပူးပေါင်းကူညီခြင်းများ ဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ဆောင်ပုဒ်ကတော့ **"အဂတိလိုက်စားမှုတွေကို အတူတကွ လက်တွဲတိုက်ဖျက်စို့" (United Against Corruption)**ဖြစ်ပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အကျင့်ပျက် ခြစားမှုများကို ထိရောက်စွာ ထုတ်ဖော် အရေးယူကြဖို့လည်း အလေးထားကြရမှာဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းထားတဲ့ ၂၀၃၀ ပြည့်နှစ်မှာ အကျင့်ပျက် ခြစားမှုများအားလုံး ကမ္ဘာမြေမှ အပြီးအပိုင် ပပျောက်သွားအောင် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြဖို့သာ ဖြစ်ပါတယ်။ ။

# အကြိမ် (၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲအား ဂုဏ်ပြုကြိုဆို

*ဒေါက်တာသံလွင်ထွန်း၊ နေနေနိုင်ရည် (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)*

(၂၀)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်
နှီးနှောဖလှယ်ပွဲ

(၁၂-၁၃.၁၂.၂၀၁၉) နေပြည်တော်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ရန်ကုန်မြို့တွင် (၆)ကြိမ်၊ နေပြည်တော်တွင် (၁၃)ကြိမ် စုစုပေါင်း(၁၉) ကြိမ် ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် အထောက်အကူပြုနိုင်ရန် အလွှာစုံမှ ပညာရှင်များပါဝင်သော အကြိမ် (၂၀) မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်မှ ၁၃ ရက်အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

### ဂုဏ်ပြုသဝဏ်လွှာပေးပို့ချီးမြှင့်

အကြိမ်(၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးသို့ ဒုတိယသမ္မတဦးမြင့်ဆွေက ဦးစီးကော်မတီနာယကအဖြစ် ကိုယ်တိုင်တက်ရောက်ချီးမြှင့်ခဲ့ပါသည်။ ညီလာခံနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို သေချာစွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန်၊ ညီလာခံမှထွက်ပေါ်လာသည့် လုပ်ငန်းလမ်းညွှန်များကို အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ညီလာခံမှ အကြံပြုချက်များသည် များစွာအကျိုးရှိပြီး ၎င်းအကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက မြန်မာ့တိုင်းရင်းဆေးဝါးများသည် နိုင်ငံတကာကို ထိုးဖောက်နိုင်မည်ဖြစ်ပါကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။ တိုင်းရင်းဆေးသမားတော်ညီလာခံနှင့် ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တစ်ခုတည်းဖြင့် တာဝန်ယူဆောင်ရွက်နိုင်ခဲ့သည် မဟုတ်ဘဲ နှီးနွှယ်ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုများကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သော နိုင်ငံတော်အဆင့် ညီလာခံကြီး ဖြစ်ပါသည်။ ညီလာခံကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်သမ္မတက ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ချီးမြှင့်မည် ဖြစ်ပါသည်။

### ဆွေးနွေးကြမည်

အကြိမ် (၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ နာယကအဖွဲ့ဝင်များ၊ ကောင်စီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းဆေးကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပက အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် နှီးနွှယ်ပညာရှင်ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြမည် ဖြစ်ပါသည်။

ပြီးခဲ့သော (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲတွင် ညီလာခံကြီးက ချမှတ်ခဲ့သော လုပ်ငန်းလမ်းညွှန်ချက်များကို တိုင်းရင်းဆေးပညာ ဦးစီးဌာနက သိသာထင်ရှားစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၎င်းတို့မှာ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ၏ အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်နှင့်ပတ်သက်၍ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအား "အာဆီယံ တိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်" များကို သိရှိနားလည်နိုင်စေရေး ရည်မှန်း၍ ယခုနှစ်အတွင်း သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးခဲ့ပါသည်။

၎င်းအပြင် ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် "Training Workshop on Quality Control and Stability and shelf– Life for Traditional Medicines and Health Supplements" သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်နှင့်ပတ်သက်၍ တိုင်းရင်းဆေးတက္ကသိုလ်တွင် အထူးအကြံပေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ထို့အပြင် တိုင်းရင်းဆေးတက္ကသိုလ်မှ အငြိမ်းစားယူသွားပြီးဖြစ်သော်လည်း အတွေ့အကြုံနှင့် အရည်အချင်းပြည့်ဝသော သင်ကြားရေးဆရာ ဆရာမများကို သင်ကြားရေးကဏ္ဍများတွင် အထောက်အကူပြုနိုင်ရန်အတွက် Professor Emeritus၊ Honorary Professor၊ Honorary Associate Professor နှင့် Visiting Lecturer စသည်ဖြင့် ၂၀၁၉ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ခန့်အပ်နိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် "Workshop on Traditional Medicine for the Updating of the Curriculum for Master Course and Establishment of Doctorate Course" အလုပ်ရုံဆွေးနွေးပွဲကိုလည်း ပြုလုပ်ခဲ့ပါသည်။ တိုင်းရင်းဆေးရုံများတွင် အုပ်ချုပ်ရေးဆိုင်ရာစီမံမှုနှင့်ပတ်သက်၍ " Leadership and Hospital Management Course" သင်တန်းကို ၂၀၁၉ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း သင်တန်းလေးကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

### သင်တန်းများဖွင့်လှစ်ပေး

တိုင်းရင်းဆေးဖုံများနှင့် ကုထုံးနည်းအသစ်များ ပေါ်ပေါက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန်၊ ဆေးပညာရပ်ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်စေရန်နှင့်ပတ်သက်၍လည်း "Training Course on Research Methodology" သင်တန်းကို ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်ခဲ့ပါသည်။ ထို့အပြင် "မြန်မာ့အကြောပြင်ပညာရပ်ဆိုင်ရာ မွမ်းမံသင်တန်း" ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ၂၀၁၉ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအတွင်း သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ခဲ့သည်။ သမားတုသမားယောင်များပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန် တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့တို့နှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပြီး အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကိုလည်း ပြည်ထောင်စုလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉)ဖြင့် ထုတ်ပြန်ခဲ့ပြီး နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အောက်တိုဘာ ၈ ရက်တွင် ဖွဲ့စည်းပေးခဲ့ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာရပ်များသည် ခေတ်သစ်သမိုင်းဦးအစ တကောင်း၊ သရေခေတ္တရာ၊ ပုဂံမြို့ပြနိုင်ငံများ၏ ခေတ်ကာလများမှ အခြေခိုင်ခဲ့သော ဆေးပညာရပ်များအဖြစ် တင့်တင့်တယ်တယ် တည်ရှိနေခဲ့ပြီး ခိုင်မာသော သမိုင်းအထောက်အထားများ ရှိထားပြီးဖြစ်သောကြောင့် တိမ်မြုပ်နေသော တိုင်းရင်းဆေးပညာ၏ သမိုင်းကြောင်းကို ပြန်လည်တူးဖော်ပြီး မှတ်တမ်းပြုစုကာ "မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များ" (Milestones of Traditional Medicine in Myanmar) ကို စာအုပ်အသွင်ဖြင့် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် အောင်မြင်စွာ ထုတ်ဝေနိုင်ခဲ့သည်။ ထို့ကြောင့် ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာ၏ တိုးတက်ဆောင်ရွက်မှုများအား သိသာထင်ရှားစေသည့် အောင်မြင်မှုသမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သည်ကိုလည်း တွေ့ရှိရမည် ဖြစ်ပါသည်။

### ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်

အကြိမ် (၂၀) မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ- မြန်မာ့တိုင်းရင်းဆေးလောကဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ အရည်အချင်း၊ ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာစေရန်၊ တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်း ပြည်ပရှိ ဆက်စပ်နှီးနွှယ်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းများ ပြည်တွင်း၌ ဖူလုံစွာရရှိစေရန်အတွက် တိုင်းရင်းဆေးပညာဦးစီးဌာန ပရဆေးဥယျာဉ်များအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ချက် များဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ ၎င်းအပြင် နှီးနှော ဖလှယ်ပွဲကြီးကိုလည်း အောင်မြင်စွာ ဆက်လက်ကျင်းပ သွားမည် ဖြစ်ပါသည်။

နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်များမှာ မြန်မာ့တိုင်းရင်းဆေးပညာကုထုံးများဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာစောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များလေ့ကျင့်ပေးရန်၊ အန္တရာယ်ကင်းရှင်း၍ အရည်အသွေးမြင့်မားသည့် အစွမ်းထက် တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရန်၊ တိုင်းရင်းဆေးဖြင့် ပြည်သူလူထုအား ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းများကို ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းဆေးဆရာများ၏ အစွမ်းထက်ကုထုံးများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ပြောင်းလဲလာသည့် နိုင်ငံတကာစီးပွားရေး မူဝါဒနှင့်အညီ အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် မြန်မာ့တိုင်းရင်းဆေးဝါးများ ပြည်ပသို့ တင်ပို့နိုင်ရေး၊ ပြည်ပမှ အရည်အသွေးပြည့်မီသော တိုင်းရင်းဆေးဝါးများ တင်သွင်းလာစေရေးဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ဆက်လက်ကျင်းပသွားမည် ဖြစ်ပါသည်။

### နယကြီးလေးပါး

တက်ရောက်လာသော ညီလာခံကိုယ်စားလှယ်ကြီးများမှလည်း အကြိမ် (၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကြီးတွင် နယကြီးလေးပါးနှင့်ပတ်သက်၍ တိမ်မြုပ်နေသော နက္ခတ္တနယဆိုင်ရာ ကုထုံးနည်းစနစ်များကို အသုံးပြုနိုင်ရေး၊ ဝိဇ္ဇာဓရနယ ကုထုံးနည်းစနစ်များကို အသုံးပြုနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာဆေးပညာရပ်များနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်ရန်၊ တိုင်းရင်းဆေးဝါးနှင့်ပရဆေးကုန်ကြမ်းများ ပြည်တွင်း၌ ဖွံ့ဖြိုးတိုးတက်ရန်များနှင့်ပတ်သက်၍ အုပ်စုလိုက်တင်သွင်းဖတ်ကြားကာ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများက စေတနာ၊ ပညာ၊ ဝါယမ အားစိုက်မှုများဖြင့် နှီးနှောဆွေးနွေးကြပြီး မျိုးဆက်သစ်လူငယ်များအတွက် လက်ဆင့်ကမ်း အမွေအနှစ်များထားနိုင်ရန် ပူးပေါင်းပါဝင်သွားကြမည် ဖြစ်ပါသည်။

တက်ရောက်လာကြသော အလွှာအသီးသီးမှ တိုင်းရင်းဆေးပညာရှင်များနှင့် အဖွဲ့အစည်းအသီးသီးတို့မှ ပညာရှင်များက မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခြင်း ကဏ္ဍများကိုလည်း Panel Discussion အဖြစ် ဆွေးနွေးတင်ပြကြမည် ဖြစ်ပါသည်။

သို့ဖြစ်၍ အကြိမ် (၂၀) မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရာတွင် မြန်မာ့တိုင်းရင်းဆေးပညာလောက၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာ့တိုင်းရင်းဆေး ပညာရှင်များနှင့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပညာရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသည် မြန်မာ့တိုင်းရင်းသမားတော်များ၏ စည်းလုံးညီညွတ်မှုကိုပြသသည့် ပြယုဂ်တစ်ခုဖြစ်သည်နှင့်အညီ တိုင်းရင်းဆေးလောက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံသစ်ဉာဏ်သစ်များ၊ အတွေးအခေါ်သစ်များ ဖော်ဆောင်ပေးမည့် ညီလာခံတစ်ရပ်ဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း အကြိမ် (၂၀) မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲအား ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

**"နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသည် မြန်မာ့တိုင်းရင်းသမားတော်များ၏ စည်းလုံးညီညွတ်မှုကို ပြသသည့် ပြယုဂ်တစ်ခုဖြစ်သည်နှင့်အညီ တိုင်းရင်းဆေးလောက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံသစ်ဉာဏ်သစ်များ၊ အတွေးအခေါ်သစ်များ ဖော်ဆောင်ပေးမည့် ညီလာခံတစ်ရပ်ဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်သွားမည်"**

# ကွန်ပျူတာအသင်းချုပ်နှင့် MPT ပူးပေါင်း၍ မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ် ပြုလုပ်

ရန်ကုန် ဒီဇင်ဘာ ၈

မြန်မာနိုင်ငံအတွင်း အနာဂတ်မျိုးဆက်သစ် နည်းပညာစွန့်ဦးတီထွင်သူ လူငယ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်လျက် မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၂၀ ကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)နှင့် ဆက်သွယ်ရေးအော်ပရေတာ MPT တို့ ပူးပေါင်း၍ သုံးနှစ်မြောက် ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲအစီအစဉ်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲဝင်များအား ဖိတ်ခေါ်ထားသည်။

မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ်ကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ကာ အစွမ်းအစရှိပြီး ရည်မှန်းချက်ကြီးမားသည့် စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်အသစ်များကို ရှာဖွေမွေးထုတ် မြေတောင်မြှောက်ပေးနိုင်ရန်၊ မျိုးဆက်သစ် လူငယ်များအတွက် စီးပွားရေးလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းသစ်များ ဖန်တီးပေးရန်၊ အရည်အချင်းရှိသူများအတွက် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ စီးပွားရေးလုပ်ငန်းငယ်များ အချင်းချင်းထိတွေ့ဆက်ဆံမှု တိုးတက်ကောင်းမွန်စေရန်နှင့် ကွန်ရက်တစ်ခု ထူထောင်နိုင်ရန်၊ ကဏ္ဍအသီးသီးတွင် စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ ဂေဟစနစ်နှင့် လုပ်ငန်းသစ်များ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

အစီအစဉ်တွင် နည်းပညာကို အခြေခံကာ စီးပွားရေးလုပ်ငန်း စတင်တည်ထောင်လိုသော လူငယ်များအနေဖြင့် မိမိတို့၏ စိတ်ကူးများကို တင်ပြယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ယခင်နှစ်ပြိုင်ပွဲများမှ အနိုင်ရရှိခဲ့သည့် အဖွဲ့များမှာလည်း စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် အောင်မြင်မှုများ ရရှိနေပြီဖြစ်ကာ Blue Frog ကုမ္ပဏီလီမိတက် (ကရင်တိုင်းရင်းသားဘာသာစကားကို AR နည်းပညာဖြင့် သင်ကြားပေးခြင်း)၊ Idea Capsule ကုမ္ပဏီလီမိတက်(အောင်ဘာလေ ထီလက်မှတ်ကို အွန်လိုင်းမှဝယ်ယူနိုင်သည့် အက်ပလီကေးရှင်း) နှင့် KLENIC Myanmar ကုမ္ပဏီလီမိတက် (တန်ဖိုးသက်သာသည့် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုပေးသော Dr.Kyaw မိုဘိုင်းအက်ပလီကေးရှင်း) စသည်တို့မှာ ယခင်နှစ်များက အနိုင်ရရှိခဲ့သောလုပ်ငန်းများ ဖြစ်ကြသည်။



မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ်အကြောင်း ရှင်းလင်းပွဲ ဒီဇင်ဘာ ၅ ရက်က ကျင်းပစဉ်

အဆိုပါ မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၂၀ အတွက် လျှောက်လွှာများကို ၂၀၁၉ ဒီဇင်ဘာ ၆ ရက်မှ စတင်လက်ခံလျက်ရှိပြီး ၂၀၂၀ ဇန်နဝါရီ ၂၄ ရက် နောက်ဆုံးထား လျှောက်ထားရမည် ဖြစ်သည်။ အစီအစဉ်တွင် ပဏာမရွေးချယ်မှုအဆင့်နှင့် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်မည့် နောက်ဆုံးရွေးချယ်မှုအဆင့်ဟူ၍ အဆင့် နှစ်ဆင့်ဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းရှိ လူငယ်အဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး အထက်မြန်မာပြည်(မန္တလေးအခြေစိုက်)နှင့် အောက်မြန်မာပြည်(ရန်ကုန်အခြေစိုက်)ဟု ဒေသအလိုက် အနိုင်ရရှိသည့် အသင်းများကို ရွေးချယ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဝင်ရောက်ယှဉ်ပြိုင်သည့် နည်းပညာ လုပ်ငန်းများထဲမှ ဆုအမျိုးအစား စုစုပေါင်း လေးမျိုးကို ရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဆုအမျိုးအစားများမှာ (၁) Technopreneurship 2020 Accelerate Award အတွက် ကျပ်သိန်း ၁၀၀၊ (၂) Technopreneurship 2020 Startup Award အတွက် ကျပ်သိန်း ၈၀၊ (၃) Technopreneurship 2020 Idea Award ဆုနှစ်ဆုအတွက် ကျပ်သိန်း ၃၀ စီနှင့် (၄) Technopreneurship 2020 Honorable Mention ဆု ခြောက်ဆုအတွက် ကျပ်ရှစ်သိန်းစီ ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Accelerate နှင့် Startup ဆု ရရှိသူများသည် ငွေသားဆုများအပြင် စီးပွားရေးလုပ်ငန်းသစ်အဖြစ် ကုမ္ပဏီဖွဲ့စည်းပေးခြင်း၊ Kanung Hub Incubation စင်တာတွင် ရုံးခန်းနေရာကို ခြောက်လတိတိ အခမဲ့ အသုံးပြုခွင့်နှင့် ယင်းကာလအတွင်း ၎င်းတို့၏ စီးပွားရေးဆိုင်ရာ အတွေးအခေါ်များ ပိုမိုတိုးတက်စေရန် မြန်မာ့စီးပွားရေးလောကတွင် အောင်မြင်နေသူများနှင့် ပညာရှင်များက အနီးကပ်သင်ကြားပို့ချခြင်း စသည့် အထောက်အပံ့များကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ အစီအစဉ်တွင် အနိုင်ရရှိသူများအား ၂၀၂၀ ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာသွားမည် ဖြစ်သည်။

MPT မှ တာဝန်ရှိသူတစ်ဦးက "မြန်မာလူငယ် နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေး အစီအစဉ် ၂၀၂၀ ကတစ်ဆင့် စီးပွားရေးဆိုင်ရာမှာ အကောင်းဆုံး ဆန်းသစ်တီထွင်မှုအတွေးအခေါ်ရှိတဲ့ စွန့်ဦးတီထွင်သူ လူငယ်တွေကို ရှာဖွေမွေးထုတ်ပေးနိုင်မယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းသစ်တွေကို ထောက်ပံ့ပေးနိုင်မယ့် စွန့်ဦးတီထွင်လုပ်ငန်း ဂေဟစနစ်တစ်ခု ဖြစ်ထွန်းလာစေဖို့ နှိုးဆော်ပေးလိုပါတယ်။ နည်းပညာ စွန့်ဦးတီထွင်မှုဓလေ့ကို လူငယ်တွေကြားမှာ တိုးမြှင့်ပေးလိုက်ခြင်းအားဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းတွေရဲ့ စွမ်းဆောင်ရည်တွေကို မြှင့်တင်လာနိုင်မှာဖြစ်သလို ကမ္ဘာလုံးဆိုင်ရာ လားရာတစ်ခုဖြစ်တဲ့ စတုတ္ထ စက်မှုတော်လှန်ရေး အပြောင်းအလဲမှာလည်း မြန်မာကုမ္ပဏီတွေက လိုက်ပါဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ကွန်ပျူတာအသင်းချုပ်၏ ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်ကလည်း "ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ စတုတ္ထ စက်မှုတော်လှန်ရေး အပြောင်းအလဲမှာ လက်လှမ်းမီ လိုက်ပါဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံအတွင်းက စွန့်ဦးတီထွင်အဖွဲ့တွေကို ချိတ်ဆက်ပေးဖို့နဲ့ ပြည်တွင်းက အရည်အချင်းရှိတဲ့ စွန့်ဦးတီထွင် လုပ်ငန်းသစ်တွေကို နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုတွေ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ဖို့ပဲဖြစ်ပါတယ်။ MPT နဲ့အတူ အခုလို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ရည်မှန်းချက် အောင်မြင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၂၀ တွင် ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အစီအစဉ်၏ဝက်ဘ်ဆိုက် https://www.mmtechnopreneurship.com တွင်လည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ MPT ရုံးများတွင်လည်းကောင်း လျှောက်ထားနိုင်ပြီး အစီအစဉ်အသေးစိတ် အချက်အလက်များနှင့် အချိန်ဇယားများကို ဖေ့စ်ဘုတ်စာမျက်နှာ https://www.facebook.com/mmtechnopreneurship တွင်လည်း ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## New Product

# ဟွာဝေး Y9 စီးရီးထဲက နောက်ဆုံးထွက် Y9s စမတ်ဖုန်းသစ်

ဟွာဝေး Y9s ဟာ ဟွာဝေးရဲ့ တန်ဖိုးသင့် အလယ်အလတ် ဖုန်းစီးရီးဖြစ်တဲ့ Y9 စီးရီးထဲက နောက်ဆုံးထွက် စမတ်ဖုန်းဖြစ်ပါတယ်။ နိုင်ငံတကာမှာ နိုဝင်ဘာလအတွင်း စတင်မိတ်ဆက်ခဲ့ပြီး ပြည်တွင်းဈေးကွက်ထဲကိုတော့ ဒီဇင်ဘာလဆန်းမှာ ဝင်ရောက်လာတာဖြစ်ပါတယ်။ ဈေးနှုန်းပိုင်းမှာ သိပ်မများသလို စွမ်းဆောင်ရည်ပိုင်းကလည်း ဈေးနှုန်းနဲ့ယှဉ်ရင် ကောင်းမွန်တာ တွေ့ရပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၅၉ လက်မရှိပြီး မျက်နှာပြင်ပေါ်မှာ ကင်မရာနဲ့ စပီကာတွေ မပါဝင်ဘဲ Full Screen နီးပါး ဖြစ်ပါတယ်။ Screen က LCD အမျိုးအစားဖြစ်ပြီး resolution က 1080 x 2340 pixels ရှိလို့ ရုပ်ထွက်အရည်အသွေးလည်း ကောင်းမွန်ပါတယ်။ ကျောဘက် ကိုယ်ထည်ကလည်း ဖန်သားဖြစ်ပြီး ဘေးပေါင်တွေက အလူမီနီယမ်ဖရိမ်ဖြစ်လို့ ဒီဇိုင်းပိုင်းလည်း လှပပါတယ်။

အန်းဒရွိုက်ဗားရှင်းက နောက်ဆုံးထွက် 9.0(Pie) ဖြစ်ပြီး UI က ဟွာဝေးရဲ့ EMUI 9.1 ကို သုံးထားပါတယ်။ Hisilicon Kirin 710F Chipset ပေါ်မှာ Cortex-A73 နဲ့ A53 Octa-core CPU တွေကို သုံးထားပြီး RAM 6GB နဲ့ အင်တာနယ်မင်မိုရီက 128GB ပါဝင်လို့ အက်ပလီကေးရှင်းအမျိုးမျိုးနဲ့ ဂိမ်းအမျိုးမျိုးကို ပေါ့ပေါ့ပါးပါး သုံးနိုင်မှာဖြစ်ပါတယ်။ ဆင်းကတ် နှစ်ကတ် ထည့်သုံးနိုင်ပြီး မင်မိုရီကတ်အတွက် သီးသန့်အပေါက်လည်း ပါဝင်ပါတယ်။ အင်တာနယ်မင်မိုရီ 128GB ဟာ မနည်းတဲ့အပြင် မင်မိုရီကတ်ကို 512GB အထိ ထပ်စိုက်ပြီး သုံးနိုင်မယ့်အချက်က အားသာချက်တစ်ခုဖြစ်ပါတယ်။




ကင်မရာပိုင်းအနေနဲ့လည်း ပင်မကင်မရာရော၊ ဆယ်လ်ဖီကင်မရာပါ ကောင်းမွန်တာ တွေ့ရပါတယ်။ ပင်မကင်မရာဟာ ၄၈ မဂ္ဂါပစ်ဇယ်(Wide)ကင်မရာ၊ ၈ မဂ္ဂါပစ်ဇယ်(ultrawide)ကင်မရာနဲ့ ၂ မဂ္ဂါပစ်ဇယ်(depth sensor)ကင်မရာတွေ ပါဝင်တဲ့ triple camera ဖြစ်လို့ အရည်အသွေးကောင်းမွန်တဲ့ ဓာတ်ပုံတွေနဲ့အတူ HD ဗီဒီယိုတွေပါ ရိုက်ကူးနိုင်ပါတယ်။ ဆယ်လ်ဖီကင်မရာဟာလည်း ၁၆ မဂ္ဂါပစ်ဇယ်ရှိလို့ ကောင်းမွန်ပြီး ကင်မရာလုပ်ဆောင်ချက်တစ်ခုခုကို သုံးမယ့်အချိန်မှ ကိုယ်ထည်ထဲကထွက်လာမယ့် motorized pop-up ဖြစ်ပါတယ်။

ထူးခြားချက်အနေနဲ့ လက်ဗွေစနစ်ဟာ ဖုန်းကိုယ်ထည်ရဲ့ နောက်ဘက်အစား ဖုန်းရဲ့ဘေးဘက် ပါဝါခလုတ်နေရာမှာပဲ ပါဝင်လာပါတယ်။ ပလေးစတိုး အပါအဝင် Google Apps အားလုံးလည်း အသင့်ပါဝင်ပြီးဖြစ်ပါတယ်။ ဘက်ထရီဟာ 4000 mAh ရှိတဲ့ Li-Po ဘက်ထရီဖြစ်လို့ စွမ်းရည်ပြည့်ဝပြီး အလျင်အမြန်အားသွင်းနိုင်မယ့်စနစ်လည်း ပါဝင်ပါတယ်။ USB ချိတ်ဆက်မှုက Type-C 1.0, Reversible Connector ဖြစ်ပါတယ်။

ကိုယ်ထည်အရောင်အနေနဲ့ ခရစ္စတယ်အဖြူရောင်နဲ့ အနက်ရောင် နှစ်မျိုး ရရှိနိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်းက ပြည်တွင်းဈေးကွက်ကို စဝင်လာတဲ့ လက်ရှိအချိန်မှာ ကျပ် ၃၇၀၀၀၀ ဝန်းကျင် ရှိနေပြီး နောက်ပိုင်းမှာ ဈေးနှုန်း အနည်းငယ် ထပ်မံလျော့ကျနိုင်ပါတယ်။

**သူရဖြိုး**

# ၂၀၁၉ ခုနှစ်၏ အကောင်းဆုံး အန်းဒရွိုက်အက်ပလီကေးရှင်းနှင့် ဂိမ်းများကို ပလေးစတိုးမှ ထုတ်ပြန်

ရန်ကုန် ဒီဇင်ဘာ ၈

အန်းဒရွိုက်ဖုန်းများကို အသုံးပြုသူများအတွက် အက်ပလီကေးရှင်းနှင့် ဂိမ်းအမျိုးမျိုးကို အခမဲ့ဖြစ်စေ၊ ဝယ်၍ဖြစ်စေ ရယူနိုင်သည့် ဝက်ဘ်ဆိုက်ဖြစ်သော Google Play Store က ၂၀၁၉ ခုနှစ်အတွက် အကောင်းဆုံး အက်ပလီကေးရှင်းနှင့် ဂိမ်းများကို ဒီဇင်ဘာ ၃ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အသုံးပြုသူများထံမှ ဆန္ဒမဲကောက်၍ အသုံးပြုသူများက ရွေးချယ်ပေးသည့် အကောင်းဆုံး အက်ပလီကေးရှင်းနှင့် ဂိမ်းများ၊ ရုပ်ရှင်နှင့် စာအုပ်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။



အကောင်းဆုံးဂိမ်းအဖြစ် ရွေးချယ်ခံရသည့် Call of Duty : Mobile ဂိမ်း

